**Labor Day Weekend Blending Conference**
**for the Mid-Atlantic Churches**

**စက်တင်ဘာ ၃-၅၊ ၂၀၂၁**

**Message 1**

# အသင်းတော်-အသိစိတ်ရှိခြင်း၌ အသင်းတော်၏ အဆင့်အနေအထားပေါ်တွင် စည်းဝေးခြင်း

ဖတ်ရန်ကျမ်း။ ။ မ၁၆း၁၈။ ၁၈း၁၅-၂၀။ ဟေဗြဲ၁၀း၂၅

**I. ခရစ်ယာန်များဖြစ်သည့် ကျွန်ုပ်တို့သည် စည်းဝေးသောလူများဖြစ်ကြောင်း ကျွန်ုပ်တို့သိမှတ်နားလည်ရမည်ဖြစ်သည်- မ၁၈း၂၀။ ၁ကော၁၄း၂၃က။**

A. ခရစ်ယာန်တစ်ဦးသည် စည်းဝေးသောလူတစ်ဦးဖြစ်သည်။ စည်းဝေးခြင်းမရှိဘဲ၊ ခရစ်ယာန်အသက်တာလည်း မရှိသလို၊ အသင်းတော်အသက်တာလည်း မရှိပါ - မ၁၆း၁၈၊ မှတ်စု ၅။ ၁၈း၁၅-၂၀။

B. မည်သည့်ခရစ်ယာန်မဆို စည်းဝေးခြင်းများ တက်ရောက်ခြင်းမရှိဘဲ၊ ကြီးထွားခြင်းရှိရန်မှာ ခက်ခဲသည်။ မည်သည့်ခရစ်ယာန်အဖို့မဆို စည်းဝေးခြင်းများမရှိဘဲ ဘုရားသခင်ကို အစေခံရန် နည်းလမ်းမရှိပါ၊ ခရစ်ယာန်များအနေဖြင့် စည်းဝေးခြင်းများမရှိဘဲ ခရစ်တော်ကို ထင်ရှားပြသရန် မဖြစ်နိုင်ပါ - ၁ကော၁၄း၂၃-၂၆၊ ၃၁။

C. အသင်းတော်အသက်တာသည် စည်းဝေးခြင်းအသက်တာဖြစ်သည်။ ကျွန်ုပ်တို့သည် စည်းဝေးခြင်းမရှိသည့် ထုံးစံကို မတည်ဆောက်ဘဲ၊ တစ်ချိန်လုံး စည်းဝေးခြင်းရှိနေသည့် အကျင့်ကို တည်ဆောက်ရမည်ဖြစ်သည် - တ၂း၄၂၊ ၄၆-၄၇။ ဟေဗြဲ၁၀း၂၅။

**II. ကျွန်ုပ်တို့သည် အသင်းတော်၏ အဆင့်အနေအထားကို သိကျွမ်းရန် လိုအပ်သည် - မ၁၆း၁၈။ ၁၈း၁၇။**

A. ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် ယုံကြည်သူများ၏ စည်းဝေးခြင်းများနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာကို ဖော်ပြသည့် ပထမဆုံးနေရာမှာ မဿဲ ၁၈ ဖြစ်သည်။

1. အငယ် ၁၅ တွင် သခင်ဘုရားက ညီအစ်ကိုသည် သင့်ကို ပြစ်မှားမိလျှင် သင်သည် သူ့ထံသို့ သွား၍ သူ့ကို ပြန်ရယူနိုင်ရန် လုပ်နိုင်သမျှ လုပ်ရမည်ဖြစ်သည်။ သို့သော် သင်၏စကားကို နားမထောင်လျှင်၊ နှစ်ဦး သို့မဟုတ် သုံးဦးတို့၏စကားကို နားမထောင်လျှင်၊ ထိုအရာကို အငယ် ၁၇ ရှိ အသင်းတော်သို့ ယူလာရမည်ဖြစ်သည်။

2. ဤအရာသည် ဒေသန္တရအသင်းတော်၊ ဤမြေကြီးပေါ် ရှိ အသင်းတော်၊ နေရာတစ်ခုရှိ အသင်းတော်၊ သင်ရှိရာဒေသန္တရတွင်ရှိသည့် အသင်းတော် ဖြစ်ရပေမည်။ ပြစ်မှားမိသူ ညီအစ်ကိုသည် အသင်းတော်ကို နားထောင်ရန် ငြင်းဆန်ခဲ့မည်ဆိုလျှင် ရလဒ်မှာ အသင်းတော်က သူ့ကို တပါးအမျိုးသားနှင့် အခွန်ခံကဲ့သို့ သတ်မှတ်ရလိမ့်မည်ဖြစ်သည် - အငယ်၊၁၇ နှင့် မှတ်စု ၂။

3. ဤအရာက ကျွန်ုပ်တို့သည် အသင်းတော်ကို လိုအပ်ကြောင်း၊ ကျွန်ုပ်တို့သည် အသင်းတော်၌ ရှိရန်လိုအပ်ကြောင်း ပြောထားသည်။ ကျွန်ုပ်တို့သည် အသင်းတော်စကားကို နားထောင်ရန် ငြင်းဆန်ပြီး မိမိကိုယ်ကိုမူ အလွန် ဝိညာဉ်ရေးရာရှိသည်၊ ကောင်းကင်ဆိုင်ရာဖြစ်သည်ဟု မမှတ်ယူသင့်ပေ။

4. ဘုရားသခင်က ကိုယ်တော်၏လူများဖြစ်သည့် ကျွန်ုပ်တို့ကို အသင်းတော်၌ ရှိစေလိုသည်။ ဘုရားသခင်သည် တစ်ဦးစီသီးသန့်ရှိသည့် လူအမြောက်အများကို ရွေးချယ်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် စုစည်းလျက်ရှိသော၊ စုပေါင်းထားသော လူများကို ရွေးချယ်ရန် ရည်ရွယ်ထားခြင်းဖြစ်သည် - ၁၆း၁၈။ ဧ၊ ၁း၂၂-၂၃။

5. ကျွန်ုပ်တို့အားလုံးသည် အသစ်တစ်ဖန်မွေးဖွားခံရပြီး၊ ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏အသက်ရှိပြီးဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် သဘောသဘာဝ၌ အသင်းတော်၏ အစိတ်အပိုင်းဖြစ်ကြသည်၊ သို့သော် အနေအထား၌မူ ကျွန်ုပ်တို့သည် အသင်းတော်၏ ပြင်ပတွင် ရှိကာ တပါးအမျိုးသားနှင့် တူညီနေခြင်း ရှိကောင်းရှိနေနိုင်သည် - ယော၊၃း၃၊ ၅-၆။ ဧ၊၂း၁၉။ ညွှန်း၊ မ၊၁၈း၁၇။

6. အသင်းတော်၌ မရှိခြင်းမှာ စိုးရိမ်ရသောအရာဖြစ်သည် - ညွှန်း၊ ဝတ်၊၂၅း၂၉၊ မှတ်စု ၁။

B. ကျွန်ုပ်တို့သည် မှန်ကန်သင့်လျော်စွာ စည်းဝေးခြင်းရှိလိုလျှင် ကျွန်ုပ်တို့၏စည်းဝေးခြင်းသည် အသင်းတော်နှင့် ဆက်နွှယ်မှု ရှိရမည်ဖြစ်သည်၊ ကျွန်ုပ်တို့၏ စည်းဝေးခြင်းသည် အသင်းတော်က ပိုင်ဆိုင်ခြင်း ဖြစ်ရမည်ဖြစ်သည် - မ၊၁၈း၁၅-၂၀။

1. အချို့က မဿဲ ၁၈း၂၀ ကို အသုံးပြုပြီး၊ သခင်ဘုရား၏ နာမတော်၌ နှစ်ဦး သုံးဦး စည်းဝေးသည့် မည်သည့် စည်းဝေးခြင်းကိုမဆို ခုခံပြောဆိုကြသည်။ သို့သော် သူတို့သည် ဤကျမ်းပိုဒ်၏ ဆက်စပ်သည့်အကြောင်းအရာကို ငြင်းပယ်ထားကြသည်။ စကားစပ်အရ ယုံကြည်သူများ၏ စည်းဝေးခြင်းမှာသည် အသင်းတော်၏ တစ်စုံတစ်ရာ၊ အသင်းတော်၏ရပ်တည်မှုရှိသည့် တစ်စုံတစ်ရာဖြစ်ရမည်ဖြစ်ကြောင်း ပြောထားသည်။

2. တမန်တော်ဝတ္ထု၌ ယုံကြည်သူများသည် အိမ်များ၌ စည်းဝေးကြခြင်း ဥပမာများစွာကို ဖော်ပြထားသည်၊ သို့သော် သူတို့၏စည်းဝေးခြင်းများ၌ သူတို့ပြုသည့်အရာမှာ ယေရုရှလင်မြို့ရှိအသင်းတော်က ရည်ရွယ်ထားသော၊ ဆုံးဖြတ်ထားသော အရာကိုသာ သယ်ဆောင်နေကြခြင်းသာ ဖြစ်သည် - တ၊၂း၄၆။ ၅း၄၂။ ၁၂း၁၅-၁၆။

3. မှန်ကန်သင့်လျော်စွာ စည်းဝေးခြင်းမှာ အသင်းတော်၏ အစိတ်အပိုင်းအဖြစ် သို့မဟုတ် အသင်းတော်အဖြစ် စည်းဝေးခြင်း ဖြစ်သည်။ အသင်းတော်တစ်ခုလုံးသည် အတူတကွ ပါဝင်လာကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် အသင်းတော်အဖြစ် စည်းဝေးနေကြခြင်းဖြစ်သည်။ အသင်းတော်တစ်ခုလုံး အတူတကွ ပါဝင်လာနိုင်ရန် မဖြစ်နိုင်ခဲ့လျှင်၊ ကျွန်ုပ်တို့သည် တစ်ပါးတည်းသော ထိုအသင်းတော်၏ အစိတ်အပိုင်းများအဖြစ် မတူညီသော နေရာများ၌ စည်းဝေးခြင်း ရှိကြသည် - ၁ကော၊၁၄း၂၃၊ ၃၃။

4. ဤအကြောင်းအရာသည် ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် များစွာ သက်ဆိုင်သည်။ ကျွန်ုပ်တို့ စည်းဝေးသည့်အခါတိုင်း ကျွန်ုပ်တို့သည် အသင်းတော်အတွက် စည်းဝေးရမည်။ ၎င်းမှာ ကျွန်ုပ်တို့သည် အသင်းတော်နှင့် တစ်လုံးတစ်ဝဖြစ်ပြီး၊ ကွဲပြားခြင်းများ မရှိနိုင်ကြောင်း ဆိုလိုသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့၏ စည်းဝေးခြင်းများသည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ အသင်းတော်တွင် စောင့်ထိန်းခံရလိမ့်မည်ဖြစ်သည်။

## III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စည်းဝေးခြင်းများ၌ အသင်းတော်အသိစိတ် ရှိရမည်ဖြစ်သည် - မ၊၁၈း၁၅-၂၀။

A. ယနေ့များစွာသော ခရစ်ယာန် စည်းဝေးခြင်းတို့မှာ အသင်းတော် ကင်းမဲ့လျက် ရှိနေသည်။ ထိုစည်းဝေးများသို့ တက်ရောက်သောသူတို့သည် အသင်းတော်အကြောင်း မည်သည့်ခံယူချက်မျှ မရှိပေ၊ သို့ဖြစ်၍ သူတို့၏စည်းဝေးခြင်းများသည် အသင်းတော်နှင့်ဆက်နွှယ်ခြင်း သို့မဟုတ် အသင်းတော်အသိစိတ်ရှိခြင်း မရှိပါ။

1. အတိအကျဆိုရလျှင် ကျွန်ုပ်တို့သည် သခင်ဘုရား၏ နှုတ်ကပတ်တော်ကို သိမည်ဆိုလျှင်၊ အသင်းတော်ကင်းမဲ့သည့်နည်းလမ်းဖြင့် စည်းဝေးခြင်းသည် အမှန်မှာ အပြစ်ဖြစ်ကြောင်း၊ အကြောင်းမှာ ကျွန်ုပ်တို့က အသင်းတော်ကို အထူးအလေးထားခြင်း မရှိဘဲ စည်းဝေးမည်ဆိုလျှင် ကျွန်ုပ်တို့သည် ကွဲပြားခြင်းနည်းလမ်း၌ စည်းဝေးနေခြင်းဖြစ်ကြောင်း သိနားလည်လာမည်ဖြစ်သည်။
2. ဘုရားသခင်၏အကြံအစည်တော်မှာ သားတော်အတွက် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်၏တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းခြင်းမရှိဘဲ စည်းဝေးမည်ဆိုလျှင် ကျွန်ုပ်တို့၏ စည်းဝေးခြင်းများဖြင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ဖျက်ဆီးနေကြခြင်းဖြစ်သည်။
3. ကျွန်ုပ်တို့ စည်းဝေးကြသည့်အချိန်တိုင်း ကျွန်ုပ်တို့သည် အသင်းတော်အသိစိတ် ရှိရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးသည် အလွန်းအမင်း ရှင်းလင်းမှု ရှိရမည်ဖြစ်သည်။

B. ကနဦးခရစ်ယာန်များမှာ အသင်းတော်အသိစိတ်ရှိသော၊ အသင်းတော်နှင့်ဆက်နွယ်နေသောသူများ ဖြစ်ကြသည်။

1. အသင်းတော်၏ ကနဦးနေ့ရက်များနှင့်စပ်လျဉ်း၍ သန့်ရှင်းသောဝိညာဉ်တော်၏ မှတ်တမ်း၌ *အသင်းတော်* ဟူသောစကားလုံးကို ထပ်ခါတလဲလဲ အသုံးပြုထားသည်။ ဤအကြောင်းရင်းမှန်အပေါ် အခြေခံ၍ ကျွန်ုပ်တို့သည် အသင်းတော်အသိစိတ် အမြဲ ရှိရမည်ဖြစ်ကြောင်း မူအလေ့အလာကို ကျွန်ုပ်တို့ရရှိကြသည်။
   a. "ယုံကြည်သောသူ အပေါင်းတို့သည် တစ်စုတစ်ဝေးတည်း နေကြသဖြင့်" (တ၂း၄၄က)- ဤအရာက ထိုအချိန်က ယုံကြည်သူများသည် စည်းဝေးခြင်းရှိသောလူများဖြစ်ကြောင်း ပြသနေသည်။ သူတို့သည် တစ်ချိန်လုံး အတူတကွ စည်းဝေးကြသည့်လူများဖြစ်ကြသည်။
   b. "တမန်တော်တို့သည် လွတ်သောအခါ၊ မိမိတို့အပေါင်းအသင်း ရှိရာသို့ သွား၍" (၄း၂၃က) - အငယ် ၃၁ ၌ ဤအရာသည် စည်းဝေးခြင်းတစ်ခုဖြစ်ကြောင်း တွေ့ရသည်။ ဤအရာကလည်း ကနဦးနေ့ရက်များ၌ ခရစ်ယာန်များသည် အတူတကွ တွေ့ဆုံစည်းဝေးလေ့ရှိကြကြောင်း ခိုင်မာသည့် သက်သေဖြစ်သည်။
   c. "အသင်းတော်တစ်ခုလုံးနှင့် ထိုအကြောင်းအရာကို ကြားရသောသူအပေါင်းတို့သည် အလွန် ကြောက်လန့်ခြင်းသို့ ရောက်ကြ၏" (၅း၁၁) - ဤကျမ်းပိုဒ်၏ စကားစပ်အရ ဖြစ်ပေါ်လာခဲ့သည့်အရာသည် စည်းဝေးခြင်း၌ ဖြစ်ခဲ့လိမ့်မည်ဖြစ်သည်။ ဤအရာက ခရစ်ယာန်စည်းဝေးခြင်းသည် အသင်းတော်၏တစ်စုံတစ်ရာဖြစ်ရမည်ကို သက်သေပြသည်။ ၎င်းသည် အသင်းတော်ဖြစ်ရမည်ဖြစ်သည်။
   d. "ထိုအခါ ယေရုရှလင်မြို့၌ရှိသော အသင်းတော်သည် ပြင်းစွာသောညှဉ်းဆဲခြင်းကို ခံရသဖြင့်၊ ... ရှောလုသည် အသင်းတော်ကို ဖျက်ဆီးလေ၏။ တစ်အိမ်ပြီးတစ်အိမ်ဝင်ပြီးလျှင်" (၈း၁က၊ ၃က) - ရှေးခေတ်အခါက ယုံကြည်သူများအားလုံးသည် အသင်းတော်အသိစိတ်ရှိကြသည်။ သူတို့သည် မိမိကိုယ်ကို တစ်ဦးချင်းနေသည့် ယုံကြည်သူများအဖြစ် မမှတ်ယူဘဲ၊ စုပေါင်းထားသော အသင်းတော်အဖြစ် မှတ်ယူခဲ့ကြသည်။ သူတို့သည် ညှဉ်းဆဲခြင်းခံရသောအခါ၊ ယင်းမှာ အသင်းတော်သည် ညှဉ်းဆဲခံရကြောင်း ဆိုလိုသည်။
   e. "ထိုအကြောင်းအရာကို ယေရုရှလင်မြို့၌ရှိသော အသင်းတော်သည် ကြားလျှင်" (၁၁း၂၂က) - ကနဦးနေ့ရက်များ၌ ယုံကြည်သူများသည် သူတို့၏နားကို အသင်းတော်၏ နားများအဖြစ် မှတ်ယူထားကြသည်။
   f. "လူများ စုဝေး၍ ဆုတောင်းရာ၊" (အငယ်၊၁၂) - ကနဦးနေ့ရက်များ၌ ခရစ်ယာန်များသည် သီးခြားခွဲထားသည့်သူများမဟုတ်ဘဲ၊ အတူစုစည်းသည့်သူများဖြစ်ကြသည်။ သူတို့သည် အတူစုစည်းသည့်လူများ ဖြစ်ကြသည်။

g. ''အန္တိအုတ်မြို၌ရှိသော ဒေသန္တရအသင်းတော်တွင် ပရောဖက်ပြုသူနှင့် သွန်သင်သောသူများဖြစ်ကြသော" (၁၃း၁က) - ပရောဖက်များနှင့် သွန်သင်သူများသည် လက်တွေ့ကျကျနည်းလမ်း၌ အသင်းတော်၏ အစိတ်အပိုင်းများဖြစ်ကြပြီး၊ အသင်းတော်၌ ရှိကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စည်းဝေးခြင်းများ၌ သာမက၊ ကျွန်ုပ်တို့၏ခရစ်ယာန်အလုပ်၊ အမှုတော်၊ အစေခံခြင်းတို့တွင်လည်း အသင်းတော်အသိစိတ်၊ အသင်းတော်နှင့်ဆက်နွယ်မှု ရှိရမည်ဖြစ်သည်။

h. "အသင်းတော်တိုင်း၌ အသက်ကြီးသူတို့ကို ခန့်ထား၍" (၁၄း၂၃က) - ဤအရာက ယုံကြည်သူများရှိသောနေရာတွင် အသင်းတော်ရှိကြောင်း သက်သေပြနေသည်။

i. "ထိုသို့ အသင်းတော်တို့သည် ယုံကြည်ခြင်း၌ တည်ကြည်မြဲမြံသည် ဖြစ်၍၊ အရေအတွက်အားဖြင့် တစ်နေ့ထက် တစ်နေ့ တိုးပွားများပြားကြ၏" (၁၆း၅) - ၎င်းက ယုံကြည်သူများဟု မပြောထားဘဲ၊ အသင်းတော်များဟု ပြောထားသည်။ ကနဦးနေ့ရက်များရှိ ယုံကြည်သူများအတွင်း၌ရှိသည့်အရာမှာ အသင်းတော်ပင်ဖြစ်သည်။

C. ဤနောက်ဆုံးနေ့ရက်များ၌ ကျွန်ုပ်တို့သည် အသင်းတော်အသိစိတ်ရှိသူများဖြစ်ရန် သင်ယူရမည်။ ဤအကြောင်းအရာသည် စည်းဝေးခြင်းများနှင့် အကြွင်းမဲ့နီးပါး ဆက်နွယ်မှုရှိနေသည်။ ဤအရာသည် ကျွန်ုပ်တို့၏စည်းဝေးခြင်းများအတွက် ကျွန်ုပ်တို့သင်ယူရမည့် ပထမ မူအလေ့အလာဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်နည်းလမ်း၌ တွေ့ဆုံစည်းဝေးရမည်ဖြစ်သည်။

**Message 2**

**ဇဝံဂေလိစာစောင်များနှင့် တမန်တော်ဝတ္ထုတို့မှ စည်းဝေးခြင်း၏ မူအလေ့အလာများ**

ဖတ်ရန်ကျမ်း။ ။ မ၂၈း၁၆-၂၀။ မာ၁၆း၁၄-၁၉။ လု၂၄း၃၆-၅၁။ ယော၂၀း၁၉-၂၃။ ၂၁း၁-၁၇။ တ၁း၄-၈

**I. ဇဝံဂေလိစာစောင်လေးစောင်၏ အဆုံး၌ သခင်ဘုရားသည် ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့် အကြိမ်ပေါင်းများစွာ စည်းဝေးကြခြင်း မှတ်တမ်းကို မြင်ရသည်။ ဤမှတ်တမ်းကို အခြေခံ၍ မည်သို့စည်းဝေးရမည်ဟူသော မူအလေ့အလာ တစ်ဆယ့်လေးခုကို မြင်ရသည်။**

A. မဿဲ ၂၈၊ မာကု ၂၄၊ ယောဟန် ၂၀ နှင့် ၂၁၊ တမန်တော် ၁ နှင့် ၂ တို့ကို ဖတ်သောအခါ တပည့်တော်များသည် အခြားဘာမျှမလုပ်ဘဲ စည်းဝေးခြင်းပြုနေကြောင်းကို တွေ့ရသည်။ အတူတကွ စည်းဝေးခြင်းသည် သူတို့၏အသက်တာ၊ သူတို့၏လုပ်ငန်း၊ သူတို့၏ သက်မွေးမှုအလုပ် ဖြစ်လာသည်။ သူတို့သည် စည်းဝေးခြင်းရှိသောလူများ ဖြစ်ကြသည်။

B. ကျွန်ုပ်တို့သည် စည်းဝေးခြင်း၏ အသစ်သောနည်းလမ်းကို ယူဆောင်ရန် လိုအပ်သည်၊ ယင်းမှာ သခင်ယေရှုက တပည့်တော်များနှင့် စည်းဝေးခြင်း မှတ်တမ်းများအားလုံး၌ အပြည့်အဝ ဖွင့်ပြထားသည်။ ဤအဖြစ်အပျက်များ၌ ကိုယ်တော်က စည်းဝေးခြင်း၏ မူအလေ့အလာများကို ချမှတ်ထားခဲ့ကြောင်း တွေ့ရသည်။

**II. ကျွန်ုပ်တို့သည် ဘာသာတရား၏ ပြင်ပ၌၊ မည်သည့်ပုံစံချမှတ်ခြင်းများ မရှိဘဲ စည်းဝေးရန် လိုအပ်သည် - မ၂၈း၁၆။**

A. တပည့်တော်များအားလုံးသည် ဘုရားဝတ်မွေ့လျော်သည့် ဂျူးလူမျိုးဖြစ်ကြသည်။ ဘုရားသခင်၏လူများအားလုံးသည် သူတို့၏ ဘာသာတရားအရ ဗိမာန်တော်သို့သွားကာ၊ စည်းဝေးခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ ယဇ်များကို ပူဇော်ခြင်း၊ ထုံးတမ်းဓလေ့ကို စောင့်ထိန်းခြင်း၊ ပုံစံချမှတ်ခြင်းများကို စောင့်ထိန်းခြင်း ပြုကြသည်။ သို့သော်လည်း သခင်ယေရှုက ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့် တွေ့ဆုံစည်းဝေးခြင်း တစ်ခုမျှ ဟောင်းနွမ်းသည့် ဘာသာတရားနည်းလမ်း၌ လုပ်ဆောင်ခြင်း မရှိခဲ့ပါ - ယော၂၀း၁၉-၂၉။ ၂၁း၁-၂၂။ မ၂၈း၁၆-၂၀။

B. မူအလေ့အလာ၌ ယနေ့ ကျွန်ုပ်တို့သည် ကနဦးတပည့်တော်များကဲ့သို့ တူညီသော အခြေအနေ၌ ရှိကြသည်။ ကျွန်ုပ်တို့၌လည်း ယနေ့၏ ဗိမာန်တော်များ၊ ထုံးတမ်းဓလေ့များ၊ ပုံစံများနှင့်အတူ ဘာသာရေးနောက်ခံ ရှိကြသည်။ သို့သော်လည်း ကျွန်ုပ်တို့အဖို့ ဘာသာတရားသည် အတိတ်ကာလကအရာမျှသာ ဖြစ်ရမည်။

**III. ကျွန်ုပ်တို့သည် သခင်ဘုရား၏ ညီများအဖြစ် ရှင်ပြန်ထမြောက်ခြင်း၌ စည်းဝေးရန် လိုအပ်သည်- ယော၂၀း၁၇။ ဟေဖြ၊ ၂း၁၂။**

A. ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် အသစ်တစ်ဖန် မွေးဖွားခံရကြသည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ညီများဖြစ်ကြသည် - ၁ပေ၁း၃။ ယော၂၀း၁၇။ ရော၈း၂၉။

B. ကျွန်ုပ်တို့သည် စည်းဝေးခြင်းများသို့ လာသည့်အခါတိုင်း ရှင်ပြန်ထမြောက်ခြင်း၌ရှိသော သခင်ဘုရား၏ညီများအဖြစ် လာကြရမည်ဖြစ်သည်။ ထို့ကြောင့် အစည်းအဝေးအထဲသို့ ဟောင်းသော သဘောသဘာဝ မည်သည့်အရာကိုမျှ မယူလာသင့်ပါ။ ဤသည်မှာ အခြေခံဖြစ်သည်။

C. ကျွန်ုပ်တို့သည် စည်းဝေးခြင်းများသို့ လာသည့်အခါ မိမိကိုယ်ကို မကြည့်သင့်ဘဲ၊ ကိုယ်တော်ကိုသာ ကြည့်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အခြေအနေကို မကြည့်သင့်ဘဲ၊ ကိုယ်တော်၏ဖြစ်ခြင်း၌သာ ကြည့်သင့်သည်။ အသွေး

တော်သည် ကျွန်ုပ်တို့၏ ကျရှုံးမှုအားလုံးကို ဖုံးလွှမ်းပေးသည်၊ ချက်ချင်းပင် အသွေးတော်ကို ယူဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိကာ၊ တတိယကောင်းကင်၌ ရှိနိုင်မည်ဖြစ်သည်။

**IV. ကျွန်ုပ်တို့သည် ခရစ်တော်ကို တစ်ဦးချင်းတွေ့ကြုံခံစားမှုအချို့ရှိခြင်းဖြင့် စည်းဝေးရန် လိုအပ်သည် - ယော၂၀း၁၁-၁၈။ လု၂၄း၁-၃၆။**

A. ကနဦးနေ့ရက်များရှိ တပည့်တော်များစွာတို့မှာ အစည်းအဝေးများသို့ မသွားမီ၊ သူတို့၌ အံ့ဩဖွယ်သော၊ အဖိုးတန်သော ခရစ်တော်ကို တွေ့ကြုံခံစားမှုအချို့ ရှိခဲ့ကြသည် - ယော၂၀း၁၁-၁၈။ လု၂၄း၁-၃၆။

B. ကျွန်ုပ်တို့သည်လည်း နေ့စဉ်အသက်တာ၌ ဤသို့ ကျွန်ုပ်တို့ချစ်သော သခင်ဘုရားကို တစ်ဦးချင်းတွေ့ကြုံခံစားမှုမျိုးရှိရန် လိုအပ်သည်။ ထိုနောက် အစည်းအဝေးသို့ လာသောအခါ ကျွန်ုပ်တို့၌ အခြားသူများအားလုံးထံသို့ သက်သေခံချက်အဖြစ် ဆူဝေလျက်ရှိသော၊ လျှံထွက်စီးဆင်းသော တစ်စုံတစ်ရာ ရရှိမည်ဖြစ်သည် - ညွှန်း၊ *Hymns*, #1216.

**V. ကျွန်ုပ်တို့သည် သခင်ဘုရား ခွဲခန့်မှတ်သားထားသည့် နေရာ၌ စည်းဝေးရန် လိုအပ်သည် - မ၂၈း၇၊ ၁၆။**

A. သခင်ဘုရားသည် ဝေးလှစွာသော မြောက်ဘက်သို့၊ ဂါလိလဲပြည်သို့ သွားရောက်ကာ တပည့်တော်များကို တွေ့ဆုံစည်းဝေးခဲ့သည်။ ကိုယ်တော်သည် ဤအရာကို တမင်တကာ၊ ရည်ရွယ်ချက်ရှိစွာ ပြုခဲ့ပြီး၊ ခရစ်ယာန်စည်းဝေးခြင်းကို ဂျူးဘာသာတရား အလယ်ဗဟိုမှ အဝေးသို့ ရွှေ့ပြောင်းခဲ့သည်။ သခင်ဘုရားက အစည်းအဝေးများကို ဘာသာတရားမှ လုံးလုံး ကင်းကွာခြင်းရှိစေရန် အလိုတော်ရှိသည်။

B. မူအလှေ့အလာ၌ ယနေ့ ကျွန်ုပ်တို့သည် စည်းဝေးရာနေရာကို ရွေးချယ်ဖို့ အခွင့်မရှိပါ။ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားက ခွဲခန့်မှတ်သားထားသည့် နေရာ၌ စည်းဝေးရမည်ဖြစ်သည် - တရား၁၂း၅-၁၁။

**VI. ကျွန်ုပ်တို့သည် သခင်ဘုရားကိုယ်တော်တိုင်နှင့် စည်းဝေးရန် လိုအပ်သည် - မ၂၈း၇။**

A. ကျွန်ုပ်တို့သည် အစည်းအဝေးသို့ လာသည့်အခါ ကျွန်ုပ်တို့၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ သခင်ယေရှုကို တွေ့ဆုံရန်ဖြစ်ကြောင်း နက်ရှိုင်းသည့် သိမှတ်နားလည်မှု ရှိရန် လိုအပ်သည် - *Hymns*, #204, #215.

B. ကျွန်ုပ်တို့သည် အစည်းအဝေးသို့ သွားခြင်းမှာ ကြီးမြတ်သောဟောပြောသူထံ ကြားနာရန်မဟုတ်ဘဲ၊ ယေရှုကို တွေ့ဆုံရန် သွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အစည်းအဝေးသို့ ကောင်းသော ဝေငှချက်ကြားရန် သွားခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏သခင်ဘုရားကို တွေ့ဆုံရန် သွားခြင်းဖြစ်သည်။

**VII. ကျွန်ုပ်တို့သည် သခင်ဘုရားကို ကျေနပ်စေရန်နှင့် ကိုယ်တော်အားဖြင့် ကျေနပ်ခြင်းရှိရန် စည်းဝေးဖို့ လိုအပ်သည် - ယော၂၁း၅။ လု၂၄း၄၁-၄၃။**

A. မှန်ကန်သင့်လျော်သည့် စည်းဝေးခြင်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်မှာ သခင်ဘုရားကို တစ်စုံတစ်ရာ စားသုံးဖို့ ပေးအပ်ခြင်းနှင့် ကိုယ်တော်က ကျွန်ုပ်တို့ကို စားသုံးဖို့ တစ်စုံတစ်ရာ ပေးခြင်းလည်းဖြစ်သည် - ယော၂၁း၅။ လု၂၄း၄၁-၄၃။

B. စည်းဝေးခြင်းမှာ စားသုံးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏စည်းဝေးခြင်းသည် စားသုံးခြင်းအမျိုးအစား၊ ပွဲခံခြင်းအမျိုးအစားဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်အတွက် စားသောက်ပွဲတော်အဖြစ် တစ်စုံတစ်ရာကို ယူလာကြပြီး၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် စားသောက်ပွဲအဖြစ် တစ်စုံတစ်ရာကို ယူလာသည်။

**VIII. ကျွန်ုပ်တို့သည် သခင်ဘုရားကို ကိုးကွယ်ရန် စည်းဝေးဖို့ လိုအပ်သည် - မ၊၂၈း၁၆-၁၇။**

A. မဿဲ ၂၈ တွင် တပည့်တော်များသည် သခင်ယေရှုကို တောင်ပေါ်တွင် တွေ့ကြသည့်အခါ ချက်ချင်းပင် သူတို့သည် ကိုယ်တော်ကို ကိုးကွယ်ကြသည် (အငယ်၊၁၆-၁၇)။ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ သခင်ဘုရားနှင့် တွေ့ဆုံစည်းဝေးသောအခါ ကိုယ်တော်ကို ကျွန်ုပ်တို့ကိုးကွယ်ရမည်ဖြစ်သည်။

B. ကိုယ်တော်ကို ကိုးကွယ်ခြင်းမှာ ကိုယ်တော်ကို ကျွန်ုပ်တို့၏ဝိညာဉ်ရှိ သခင်ဘုရားအဖြစ် နှစ်သက်မြတ်နိုးရန်နှင့် ချီးမြှောက်ရန်ဖြစ်ကြောင်း ဆိုလိုသည် - ယော၊၄း၂၃-၂၄။

**IX. ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် မှုတ်သွင်းခြင်းခံရရန် စည်းဝေးဖို့ လိုအပ်သည် - ၂၀း၂၂။**

A. ယောဟန် ၂၀ တွင် ရှင်ပြန်ထမြောက်ပြီးနောက် ပထမဆုံးညနေ၌ သခင်ဘုရားသည် တပည့်တော်များထံ ရောက်လာကာ၊ အဓိက ကိုယ်တော်ပြုခဲ့သည့်အရာမှာ သူတို့အပေါ် မှုတ်သွင်းခြင်းဖြစ်သည်။ ဤအရာသည် သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်ပြီး၊ ဤအရာသည် ကျွန်ုပ်တို့၏ အခြေခံလိုအပ်ချက်လည်းဖြစ်သည်- ညွှန်း၊ ယေ၏၊၃၇း၁-၁၄။ *Hymns*, #844.

B. ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ ဖွင့်ပေးမည်ဆိုလျှင် ကိုယ်တော်သည် ရှူထုတ်တော်မူကာ၊ ကျွန်ုပ်တို့သည် ရှူသွင်းခြင်း ရှိကြသည်။ ကျွန်ုပ်တို့အတူတကွ စုဝေးခြင်းမှာ သွန်သင်ခြင်းအချို့ကို ရရှိရန် လာခြင်းမဟုတ်ဘဲ၊ သခင်ယေရှုအားဖြင့် မှုတ်သွင်းပေးခြင်းကို ခံရန်ဖြစ်သည်။

**X. ကျွန်ုပ်တို့သည် သခင်ဘုရား၏ စကားပြောခြင်းအတွက် စည်းဝေးရန် လိုအပ်သည် - တ၊၁း၃။**

A. ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့် သခင်ဘုရား၏ ဤတွေ့ဆုံစည်းဝေးခြင်း အဖြစ်အပျက်များအားလုံး၌ ကိုယ်တော်သည် သူတို့ကို စကားပြောခဲ့သည်။ ကျွန်ုပ်တို့သည် အတူတကွ စုဝေးကြသည့်အခါတိုင်း ကျွန်ုပ်တို့သည်လည်း သခင်ဘုရား၏စကားပြောခြင်းကို လိုအပ်သည်။

B. သခင်ဘုရား၏စကားပြောခြင်းသည် အသစ်သောတစ်စုံတစ်ရာ၊ စဉ်ဆက်မပြတ်ဖြစ်ရုံသာမက၊ ချက်ချင်းဖြစ်သော၊ အချိန်နှင့်တပြေးညီဖြစ်သော တစ်စုံတစ်ရာလည်းဖြစ်သည်။

**XI. ကျွန်ုပ်တို့သည် ကျမ်းစာအတိုင်း ခရစ်တော်ကို သိကျွမ်းရန် စည်းဝေးဖို့ လိုအပ်သည် - လု၊၂၄း၂၇၊ ၄၄-၄၇။**

A. ရှင်ပြန်ထမြောက်ပြီးနောက် သခင်ဘုရားက တပည့်တော်များနှင့် တွေ့ဆုံခြင်းမတိုင်ခင်အထိ ကိုယ်တော်သည် ကျမ်းစာကို ဖွင့်ခြင်းအားဖြင့် သူတို့၏နားလည်သဘောပေါက်မှုကို ရည်ရွယ်ချက်ရှိစွာ ဖွင့်ပေးခြင်း မရှိသေးပါ - အငယ်၊၂၇၊ ၄၄-၄၇။

B. ကျွန်ုပ်တို့၏စည်းဝေးခြင်းများ၌ ကျွန်ုပ်တို့သည် သခင်ဘုရားထံ ကိုယ်တော်သည် ကျွန်ုပ်တို့ကို မစတော်မူခြင်းငှာ၊ ကျွန်ုပ်တို့ထံ ဖွင့်ထားသော သမ္မာကျမ်းစာကို ပေးခြင်းငှာ ကြည့်ရှုရမည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ အရာများကို ပို၍ မြင်နိုင်မည်ဖြစ်သည်။

**XII. ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်သော၊ တက်ကြွသော ခရစ်တော်ကို မြင်ရန် စည်းဝေးဖို့ လိုအပ်သည် - ယော၊ ၂၀း၂၄-၂၉။ တ၊၁း၆-၁၁။**

A. တပည့်တော်များသည် သူတို့၏စည်းဝေးခြင်းများ၌ ရှင်ပြန်ထမြောက်သော၊ တက်ကြွခဲ့သော ခရစ်တော်နှင့်အတူ တွေ့ဆုံစည်းဝေးကြသည်။

B. ကျွန်ုပ်တို့၏ စည်းဝေးခြင်းများအားလုံး၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ တွေ့ဆုံနေသောအရှင် ခရစ်တော်မှာ ရှင်ပြန်ထမြောက်သောအရှင်၊ တက်ကြွသောအရှင်ဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။

**XIII. ကျွန်ုပ်တို့သည် သခင်ဘုရား၏ ခန့်အပ်စေခိုင်းခြင်းအတွက် စည်းဝေးရန် လိုအပ်သည် - မ၊၂၈း၁၉-၂၀။ မာ၊၁၆း၁၅။ လု၊၂၄း၄၇-၄၈။ ယော၊၂၁း၁၅-၂၃။ တ၊၁း၈။**

A. သခင်ဘုရားသည် ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့် တွေ့ဆုံစည်းဝေးသောအခါ ကိုယ်တော်သည် သူတို့ကို ခန့်အပ်စေခိုင်းခြင်း ပေးခဲ့သည်။

B. ယနေ့ ကျွန်ုပ်တို့သည် မှန်ကန်သင့်လျော်သည့် နည်းလမ်း၌ စည်းဝေးမည်ဆိုလျှင် သခင်ဘုရားအားဖြင့် အမှန်ပင် တစ်စုံတစ်ရာ ခန့်အပ်စေခိုင်းခြင်း ခံရလိမ့်မည်ဖြစ်သည်။ သခင်ဘုရားထံမှ ကျွန်ုပ်တို့ထံ ပို့လွှတ်ဖြန့်ဖြူးသည့် ဝန်တာတစ်ခုခု ရှိလိမ့်မည်ဖြစ်သည်။

**XIV. ကျွန်ုပ်တို့သည် ဆုတောင်းရန် စည်းဝေးဖို့ လိုအပ်သည် - တ၊၁း၁၂-၁၄။ ညွှန်း၊ မ၊၆း၁၁-၃၃။**

A. တမန်တော် ၁ တွင် တပည့်တော်များသည် သခင်ယေရှုနှင့် တွေ့ဆုံပြီးနောက်၊ ကောင်းကင်များသို့ ကိုယ်တော် တက်ကြွခြင်းကို မြင်ကြပြီးနောက်၊ သူတို့သည် ယေရုရှလင်မြို့သို့ ပြန်သွားကြကာ၊ ဆုတောင်းခြင်း၌ စဉ်ဆက်မပြတ် သိမ်းပိုက်လွှမ်းမိုးခြင်း ရှိခဲ့ကြသည် - အငယ်၊၁၂-၁၄။

B. ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ စည်းဝေးရန် - နိုင်ငံတော်အတွက် သဘောတညီတညွတ်ဖြစ်ခြင်း၌ ဆုတောင်းရန်၊ သခင်ဘုရား၏ ပြန်လည်ရယူခြင်း တိုးပွားပျံ့နှံ့ရန်၊ ဒေသန္တရအသင်းတော်များ တည်ဆောက်ခြင်းရှိရန် ဆုတောင်းဖို့ စည်းဝေးရန် လိုအပ်သည်။

**XV. ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ခွန်အားတန်ခိုးပေးခြင်းအတွက် စည်းဝေးရန် လိုအပ်သည် - တ၊၂း၁-၄။**

A. ပင်တေကုတ္တေနေ့တွင် တပည့်တော်များ အတူတကွ စည်းဝေးကြသည့်အခါ ရုတ်တရက်ပင် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ထိုင်နေသည့် အခန်းကို ဖြည့်ကာ၊ သူတို့အားလုံးသည် အထက်မှ တန်ခိုးဖြင့် လွှမ်းခြုံဝတ်ဆင်ခြင်း ခံရကြသည် - အငယ်၊၁-၄။

B. များစွာသော စည်းဝေးခြင်းများ၌ ကျွန်ုပ်တို့သည် ဤသို့သော ခွန်အားတန်ခိုးပေးခြင်းမျိုးကို လိုအပ်သည်။ ကျွန်ုပ်တို့သည် မှန်ကန်သင့်လျော်သည့်နည်းလမ်း၌ စည်းဝေးခြင်းရှိသောအခါ ရုတ်တရက် ကျွန်ုပ်တို့သည် ကောင်းကင်များမှ ခွန်အားတန်ခိုးပေးခြင်း ခံရလိမ့်မည်ဖြစ်သည်။

## Message 3

## ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့်အတူ တက်ကြွသော ခရစ်တော်အတွက် စည်းဝေးခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၂၈း၈-၂၀။ မာ၊၁၆း၉-၁၉။ လု၊၂၄း၉-၄၉။ ယော၊၂၀း၁၁-၂၉။ ၂၁း၁-၂၄။ တ၊၁း၆-၁၃

### I. ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်သော ခရစ်တော်ဖြင့် စည်းဝေးရန် လိုအပ်သည်။

A. မဿဲနှင့် ယောဟန်တို့၏ မှတ်တမ်းအရ သခင်ယေရှုနှင့် တပည့်တော်များ၏ တွေ့ဆုံစည်းဝေးခြင်းများသည် ရှင်ပြန်ထမြောက်သည့် ခရစ်တော်နှင့်အတူ စည်းဝေးခြင်းများဖြစ်သည် - မ၊၂၈း၈-၂၀။ ယော၊၂၀း၁၁-၂၉။ ၂၁း၁-၂၄။

1. ရှင်ပြန်ထမြောက်သော ခရစ်တော်မှာ အသက်ပေးသော ဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်ပင်ဖြစ်သည် - ၁ကော၊၁၅း၄၅ခ။

2. ဤသို့သော အစည်းအဝေး၌ ဤရှင်ပြန်ထမြောက်သော ခရစ်တော်ပြုခဲ့သည့် အဓိကအရာမှာ တပည့်တော်များအထဲသို့ မှုတ်သွင်း၍၊ "သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြလော့"ဟု ပြောခြင်းဖြစ်သည် - ယော၊၂၀း၂၂။

3. ယနေ့ ဤရှင်ပြန်ထမြောက်သော၊ အသက်ပေးသောခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိကာ ကျွန်ုပ်တို့အတွင်း၌ အသက်ရှင်နေသည် - ၁ကော၊၆း၁၇။ ရော၊၈း၉-၁၁။ ၂တိ၊၄း၂၂။

4. ခရစ်တော်၏တပည့်တော်များအဖြစ် ကျွန်ုပ်တို့သည် အတူတကွစုဝေးသည့်အခါတိုင်း ကျွန်ုပ်တို့သည် ယေရှုနှင့်အတူ လာခြင်းဖြစ်ကြောင်း၊ ကိုယ်တော်ကို ကျွန်ုပ်တို့နှင့်အတူ ယူဆောင်လာကြောင်း သိနားလည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်ရှင်သောခရစ်တော်၊ ရှင်ပြန်ထမြောက်သောအရှင်နှင့် စည်းဝေးရန် လာကြခြင်းဖြစ်သည် - မ၊၂၈း၈-၂၀။ ယော၊၂၀း၁၁-၂၉။

5. ရှင်ပြန်ထမြောက်ပြီးနောက် ကိုယ်တော်၏ တပည့်တော်များနှင့် စည်းဝေးခြင်းများမှာ ခရစ်ယာန်အသင်းတော်တစ်ခုလုံးနှင့်အတူ ခရစ်တော်၏ ပထမဆုံး စည်းဝေးခြင်းများဖြစ်ကြောင်း ကျွန်ုပ်တို့ မမေ့လျော့သင့်ပါ။ ဤအရာသည် ပုံဥပမာဖြစ်ကာ၊ ကျွန်ုပ်တို့သည် ဤအစည်းအဝေးများမှ မူအလေ့အလာများကို ဂရုစိုက်ရမည်။

B. တွေ့ဆုံစည်းဝေးရန် မှန်ကန်သင့်လျော်သည့် နည်းလမ်းမှာ အသက်ရှင်သောခရစ်တော်၏ မျက်မှောက်တော်ကို သိမှတ်နားလည်ခြင်းရှိရန် ဖြစ်သည်။

1. မဿဲ ၂၈၊ မာကု ၁၆၊ လုကာ ၂၄၊ ယောဟန် ၂၀ နှင့် ၂၁၊ တမန်တော် ၁ တို့သည် ရှင်ပြန်ထမြောက်သည့် ခရစ်တော်၏ မျက်မှောက်တော်ကို ဖွင့်ပြသည့် အမျိုးအစားပုံစံအဖြစ် အပြည့်အဝမှတ်တမ်းတင်ထားခြင်းဖြစ်ကာ၊ ကိုယ်တော်သည် မည်မျှ အသက်ရှင်ကြောင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် တစ်ချိန်လုံး မည်သို့ရှိနေကြောင်း ပြသပေးနေသည်။

2. ကျွန်ုပ်တို့သည် တစ်ဦးတည်းရှိနေလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိသည် (ယော၊၂၀း၁၄-၁၈။ ၁ကော ၁၅း၅၊ ၇)။ ကျွန်ုပ်တို့သည် နှစ်ဦး သုံးဦးရှိလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိသည် (မ၊၂၈း၈-၁၀)။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရှာဖွေ၍ ကိုယ်တော်ကို ချစ်လျှင် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိသည် (ယော၊၂၀း၁၁-၁၇)။ ကျွန်ုပ်တို့သည် ကျဆင်းသောသူဖြစ်ခဲ့လျှင်လည်း ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိသည် (၂၁း၁-၁၇)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်ကို သိခြင်းရှိသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိသည် (၂၀း၁၉၊ ၂၆-၂၈)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏မျက်မှောက်တော်ကို သိခြင်းမရှိသည့်အခါ ကိုယ်တော်သည် ကျွန်ုပ်တို့အတူ ပို၍ ရှိနေသည် (လု၊၂၄း၉-၃၅)။

3. ကျွန်ုပ်တို့သည် ဤကျမ်းပိုဒ်တစ်ပိုဒ်ကို ဘယ်တော့မှ မမေ့သင့်ပါ "ငါသည်လည်း ခေတ်ကာလကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" (မ၊၂၈း၂၀)။ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အမြဲ ရှိနေသည်။

4. ကျွန်ုပ်တို့၌ မှန်ကန်သင့်လျော်သည့် စည်းဝေးခြင်း၊ အသက်ရှင်သော စည်းဝေးခြင်း ရှိလိုလျှင်၊ ၎င်းသည် ဘာသာတရားဆိုင်ရာတစ်စုံတစ်ရာ မဖြစ်ရပါ၊ သွန်သင်ခြင်း၏ တစ်စုံတစ်ရာ သို့မဟုတ် ပုံစံများနှင့် ထုံးတမ်းဓလေ့များကို စောင့်ထိန်းခြင်းတစ်စုံတစ်ရာ မဖြစ်ရပါ။ ခရစ်ယာန်များ၏ မှန်ကန်သင့်လျော်သည့် စည်းဝေးခြင်းမှာ ကျွန်ုပ်တို့အတွင်း၌ လွန်စွာ အသက်ရှင်နေသည့် ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့် စည်းဝေးခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ထိုသို့ အသက်ရှင်သောအရှင်ကို လက်တွေ့ကျစွာ နေ့စဉ်တွေ့ကြုံခံစားမှုရှိရန် လိုအပ်သည် - *Hymns*, #1281.

## II. ကျွန်ုပ်တို့သည် တက်ကြွသော ခရစ်တော်အတွက် စည်းဝေးရန် လိုအပ်သည်။

A. မာကုနှင့် လုကာ ဧဝံဂေလိစာစောင်များနှင့် တမန်တော်ဝတ္ထုတို့က တက်ကြွသောခရစ်တော်အတွက် စည်းဝေးခြင်းများကို ပြသထားသည် - မာ၊၁၆း၁၄-၁၉။ လု၊၂၄း၄၆-၅၁။ တ၊၁း၄-၉။ ၂း၁-၄၁။

1. ဤစာစောင်သုံးစောင်က ဤရှင်ပြန်ထမြောက်သော ခရစ်တော်သည် ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့် တွေ့ဆုံခဲ့ပြီး၊ ကောင်းကင်များသို့ တက်ကြွသွားခဲ့ကြောင်း ရှင်းလင်းစွာ ပြောထားသည်။ ကိုယ်တော်သည် သူကိုယ်တိုင်နှင့်အတူ စည်းဝေးခြင်းများရှိခဲ့စဉ်မှာ ကိုယ်တော်သည် သူတို့ရှေ့တွင် တက်ကြွသွားခဲ့သည် - မာ၊၁၆း၁၉။ လု၊၂၄း၅၁။ တ၊၁း၉။

2. ဤသည်မှာ သွန်သင်ခြင်း သို့မဟုတ် သတင်းပြန်ကြားခြင်းမျိုး မဟုတ်ပါ။ ဤအရာသည် ရှုခင်းများကိုကြည့်ရှုခြင်းမျိုးဖြစ်သည်။ ယခင်က တပည့်တော်များသည် ရှင်ပြန်ထမြောက်သော ခရစ်တော်*နှင့်အတူ* တွေ့ဆုံကြသည်၊ ယခုတွင် သူတို့သည် တက်ကြွသောခရစ်တော်*အတွက်* တွေ့ဆုံစည်းဝေးကြသည်။

3. ခရစ်တော်နှင့်အတူ စည်းဝေးရန် ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်အဖြစ် ရှုသွင်းရန် လိုအပ်သည်၊ သို့သော် ခရစ်တော်အတွက် စည်းဝေးရန် ကျွန်ုပ်တို့သည် တစ်ဟုန်ထိုး ပြင်းထန်သောလေကို ကျွန်ုပ်တို့အပေါ် တိုက်ခတ်စေရန် လိုအပ်သည် - ၂း၁-၂။

4. တက်ကြွသောခရစ်တော်အတွက် စည်းဝေးရန် ကျွန်ုပ်တို့သည် ယခု ကျွန်ုပ်တို့အစေခံနေသည့် အရှင်မှာ ကောင်းကင်များ၌ရှိပြီး၊ သခင်ဘုရားနှင့် ခရစ်တော်ဖြစ်စေခြင်းခံရပြီဖြစ်ကြောင်း လက်တွေ့ထင်ရှားစေရန် တန်ခိုး လိုအပ်သည်။ ဤသည်မှာ ခရစ်ယာန်စည်းဝေးခြင်း၏ ဒုတိယအမျိုးအစားဖြစ်သည် - အငယ်၊၃၃-၃၆။

B. ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့်အတူ စည်းဝေးခြင်းနှင့် တက်ကြွသောခရစ်တော်အတွက် စည်းဝေးခြင်းတို့အကြား ကြီးမားသည့် ခြားနားချက်မှာ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့်အတူ စည်းဝေးခြင်းမှာ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက်ဖြစ်သည်၊ သို့သော် တက်ကြွသောခရစ်တော်အတွက် စည်းဝေးခြင်းမှာ အသင်းတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်သည်။

1. အသက်ပေးသော ဝိညာဉ်တော်ဖြစ်သော ရှင်ပြန်ထမြောက်သည့် ခရစ်တော်နှင့်အတူ စည်းဝေးခြင်းမှာ ကိုယ်တော်ကို ရှုသွင်း၍၊ ကိုယ်တော်ထံ တစ်စုံတစ်ရာကို ကျွန်ုပ်တို့ ရရှိခြင်းအတွက်ဖြစ်သည် - ယော၊၂၀း၂၂။ ၂၁း၅၊ ၁၂၊ ၁၅။

2. သို့သော်လည်း၊ အတူတကွ စည်းဝေးခြင်းသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း အကြောင်းအရာမျှသာမဟုတ်ဘဲ၊ လှုပ်ရှားလုပ်ဆောင်ခြင်း၏ အကြောင်းအရာလည်းဖြစ်သည်၊ ထိုသို့ဖြင့် အသင်းတော်သည် တည်ဆောက်ခြင်း ရှိနိုင်မည်ဖြစ်သည် - မ၊၁၆း၁၈။ ၁ကော၊၁၄း၄။
   a. အသင်းတော်ကို တည်ဆောက်ရန် ကျွန်ုပ်တို့သည် လူသစ်များကို ခေါ်ဆောင်လာပြီး၊ အချင်းချင်းအပြန်အလှန် တည်ဆောက်ခြင်းရှိရန် လိုအပ်သည်။ ဤအရာများအားလုံးအတွက် လှုပ်ရှားလုပ်ဆောင်ချက်ဖြစ်သည့် ဆုကျေးဇူးများ လိုအပ်သည် - တ၊၂း၁-၄၁။
   b. တက်ကြွခြင်းအားဖြင့် ခရစ်တော်သည် ဆုကျေးဇူးများကို လက်ခံရရှိခဲ့ပြီး၊ ထိုဆုကျေးဇူးများကို ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ကိုယ်တော်၏အသင်းတော်သို့ ပေးခဲ့ပြီဖြစ်သည် - ဆာ၊၆၈း၁၈ နှင့် မှတ်စု ၁။ ဧ၊၄း၇-၁၂။
   c. ရှင်ပြန်ထမြောက်ခြင်းသည် အသက်အတွက်ဖြစ်ပြီး၊ တက်ကြွခြင်းမှာမူ ဆုကျေးဇူးများအဖို့ ဖြစ်သည်။ ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့်အတူ စည်းဝေးခြင်းမှာ ကျွန်ုပ်တို့၏ တစ်ဦးချင်း အသက်ရှုခြင်း၊ စားသုံးခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက်ဖြစ်သည်၊ သို့သော် သန့်ရှင်းသူများကို စုံလင်စေခြင်းအတွက်၊ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့သည် တက်ကြွသောခရစ်တော်အဖို့ စည်းဝေးရန် လိုအပ်သည် - *Hymns*, #271.

C. ကျွန်ုပ်တို့သည် တက်ကြွသောခရစ်တော်အတွက် ယုံကြည်ခြင်း၌ စည်းဝေးကြသည်။
1. ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့်အတူ စည်းဝေးခြင်းမှာ ကျွန်ုပ်တို့၌ ခံစားမှုအချို့ ရှိကောင်းရှိမည်၊ သို့သော် တက်ကြွသောခရစ်တော်နှင့်အတူ စည်းဝေးခြင်းမှာ ကျွန်ုပ်တို့သည် ခံစားမှုကို မလိုဘဲ၊ ယုံကြည်ခြင်းကို လေ့ကျင့်ရန်သာ လိုအပ်သည် - ရော၊၈း၆။ ညွှန်း၊ ၂ကော၊၄း၁၃။
2. ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံကို ယုံကြည်ခြင်း၌ ကြွေးကြော်ပြောဆိုရမည်ဖြစ်သည် - ၁ကော၊၁၂း၁၃။ *Hymns*, #273:
   a. သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံမှာ ပင်တေကုတ္တေနေ့တွင် အားလုံးအတွက်တစ်ကြိမ်တည်းဖြင့် ပြီးစီးသွားခဲ့ပြီဖြစ်သည်။ ၎င်းသည် ယုံကြည်သူတစ်ဦးချင်းဆိုင်ရာအတွက်မဟုတ်ဘဲ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်အတွက် လုပ်ဆောင်ပြီးစီးခြင်းဖြစ်သည် - တ၊၁း၄-၈။ ၂း၁-၄။ *Hymns*, #277.
   b. ယခုတွင် ကျွန်ုပ်တို့အားလုံးသည် အသင်းတော်၊ ကိုယ်ခန္ဓာတော်အထဲသို့ ဗတ္တိဇံခံခဲ့ကြပြီးဖြစ်၍ ပင်တေကုတ္တေနေ့တွင် အသင်းတော်အတွက် ပြီးစီးခဲ့သောအရာမှာ ကျွန်ုပ်တို့အဖို့ဖြစ်ကြောင်း ယုံကြည်လက်ခံဖို့ အနေအထားရှိလာပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၎င်းကို ယူဆောင်ရမည်၊ ပိုင်ဆိုင်ရမည်၊ ရှင်သန်သော ယုံကြည်ခြင်းအားဖြင့် လက်တွေ့ကျင့်သုံးရမည်ဖြစ်သည် - ၁ကော၊၁၂း၁၃။ *Hymns*, #276.
3. ကျွန်ုပ်တို့သည် ဝိညာဉ်နှင့် ယုံကြည်ခြင်းကို လေ့ကျင့်ရန် လိုအပ်သည် - ညွှန်း၊ ၂ကော၊၄း၁၃။
   a. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်း၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို လေ့ကျင့်ခြင်း၌ အပြည့်အဝ လွတ်ခြင်းရှိရန် လိုအပ်သည် - ၁ကော၊၁၄း၁၅။ *Hymns*, #866.
   b. တက်ကြွသော ခရစ်တော်၏ တန်ခိုး၊ အခွင့်အာဏာ၊ ဦးခေါင်းအရာ၊ သခင်အရာကို သိမှတ်နားလည်ရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်သော ယုံကြည်ခြင်းကို လေ့ကျင့်ခြင်း လိုအပ်သည်။

## III. ဤသို့သော စည်းဝေးခြင်းနှစ်မျိုးအတွက် ကျွန်ုပ်တို့သည် အဖိုးအခ ပေးရမည်ဖြစ်သည်။

A. တပည့်တော်များသည် ကောင်းမွန်သော စည်းဝေးခြင်းများကို စောင့်ထိန်းရန် မည်သည့်အဖိုးအခမဆို ပေးဖို့ လိုလားဆန္ဒရှိကြသည်။

1. ရှင်ပြန်ထမြောက်ခြင်းပြီးနောက် တပည့်တော်များသည် ယေရုရှလင်မြို့၌ နေကြသည်။ သူတို့သည် စိုးရိမ်ထိတ်လန့်နေကြသည်။ သူတို့သည် ခြိမ်းခြောက်မှုနှင့် ညှဥ်းဆဲမှုအောက်တွင် ရှိခဲ့ကြသည်။ ၎င်းမှာ သူတို့ပေးရမည့် အဖိုးအခဖြစ်သည် - ယော၊၂၀း၁၉။

2. ထိုနောက် အချိန်တစ်ခုရောက်သောအခါ သခင်ယေရှုက သူတို့အား ဂါလိလဲပြည်ရှိ တောင်ပေါ်သို့ သွားကြရန် ပြောခဲ့သည် (မ၊၂၈း၁၆)။ ထိုနောက် သခင်ယေရှုက တစ်ဖန် ဦးဆောင်၍ ယေရုရှလင်မြို့သို့ ပြန်သွားခဲ့ကြသည်၊ ဤအရာပြီးနောက် ကိုယ်တော်က သူတို့အား ယေရုရှလင်မြို့တွင် ရှိနေကြရန် တောင်းဆိုခဲ့ပြီး၊ ကိုယ်တော်၏ စီမံခန့်ခွဲမှုအတွက် ဤမြေကြီးပေါ်တွင် တစ်စုံတစ်ရာ ဖြစ်ပျက်လာမည့်အကြောင်း သတင်းစကား ပါးခဲ့သည် (တ၊၁း၄)။ တပည့်တော်များသည် ခြိမ်းခြောက်မှုနှင့် ညှဥ်းဆဲမှုခံရခြင်းအပြင် ဝေးလှစွာ သွားရောက်ကြခြင်းနှင့် ကြာရှည်စွာ နေထိုင်ကြရခြင်းတို့မှာ သူတို့ကို ခေါ်တော်မူခြင်း၌ ပေးရမည့် အဖိုးအခဖြစ်သည်။

B. တစ်စုံတစ်ခုသော အစည်းအဝေးများ၌ ကျွန်ုပ်တို့သည် သခင်ဘုရား၏မျက်မှောက်တော်ကို ကြွယ်ဝလှစွာ မွေ့လျော်ဝမ်းမြောက်ကြရခြင်း၏ အကြောင်းရင်းမှာ များစွာတို့သည် အစည်းအဝေးများကို တက်ရောက်ရန် အဖိုးအခကို အမှန်ပင် ပေးခဲ့ကြသောကြောင့်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် စည်းဝေးသောလူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် စည်းဝေးခြင်း၏ စံနှုန်းကို စောင့်ထိန်းထားရန် မည်သည့်အဖိုးအခကိုမဆို ပေးလိုကြသည်။

D. ကျွန်ုပ်တို့သည် အသင်းတော်အတွက် အမှန်ပင် ဖြစ်လိုကြလျှင် အသင်းတော်သည် စည်းဝေးခြင်း၌ ရှိကြောင်း သိမှတ်နားလည်ရမည်ဖြစ်သည်။ အသင်းတော်အတွက် ဤနေရာတွင် ရှိခြင်းဟူသည်မှာ စည်းဝေးခြင်းအတွက် ဤနေရာတွင် ရှိနေခြင်းဖြစ်ကြောင်း ဆိုလိုသည် - ညွှန်း၊ ရော၊၁၂း၁။

**Message 4**

## ချစ်ခြင်းမေတ္တာအားဖြင့်၊ ပရောဖက်ပြုခြင်းအားဖြင့်၊ ဝိညာဉ်၌ မှန်ကန်သင့်လျော်သည့် အသက်တာနှင့်အတူ၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လက်တွေ့ထင်ရှားစေခြင်းအားဖြင့် သခင်ဘုရား၏ နာမတော်၌ စည်းဝေးခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၁၈း၂၀။ ၁ကော၊၁၄း၁၊ ၃၂။ လု၊၂၄း၃၆-၅၁။ ယော၊၂၀း၁၉-၂၃။ ၂၁း၁-၁၇။ တ၊၁း၄-၈

**I. ကျွန်ုပ်တို့သည် သခင်ဘုရား၏နာမတော်၌ စည်းဝေးရန် လိုအပ်သည်။ သခင်ဘုရား၏နာမတော် စစ်မှန်ခြင်းမှာ ဝိညာဉ်တော်၌ ရှိသည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည် - မ၊၁၈း၂၀။ ယော၊၁၄း၂၆။ ရော၊၈း၁၆။**

A. သခင်ဘုရား၏နာမတော်၌ စည်းဝေးခြင်း၏ စစ်မှန်ခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၌ စည်းဝေးခြင်း ဖြစ်သည် - *Hymns*, #863, s. 6:

1. ခရစ်ယာန်စည်းဝေးခြင်းများ၏ သမ္မာတရားနှင့်စပ်လျဉ်း၍ (ဧဝံဂေလိစာစောင်များရှိ) သခင်ယေရှု၏နာမ၌ ရှိခြင်းမှာ မျိုးစေ့ဖြစ်ပြီး၊ (တမန်တော်ဝတ္ထုရှိ) သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိရန် သခင်ဘုရား၏နာမတော်၌ ရှိခြင်းမှာ ကြီးထွားခြင်းဖြစ်ကာ၊ (ဩဝါဒစာစောင်များရှိ) ဝိညာဉ်တော်၌ ရှိခြင်းမှာ ရိတ်သိမ်းခြင်းဖြစ်သည် - မ၊ ၁၈း၂၀။ တ၊၂း၃၈။

2. ထို့ကြောင့် သခင်ယေရှု၏နာမတော်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် များစွာ ဆက်နွှယ်မှုရှိကြောင်း ကျွန်ုပ်တို့ မြင်ရသည်။ သန့်ရှင်းသောဝိညာဉ်တော်မပါဘဲ သခင်ယေရှု၏ နာမတော် စစ်မှန်ခြင်း မရှိနိုင်ပါ။

3. ယေရှု၏နာမတော် တန်ခိုးနှင့် စစ်မှန်ခြင်းအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၌ ရှိကာ၊ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။

4. ယောဟန် ၁၄း၂၆ တွင် သခင်ဘုရားက သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏နာမ၌ စေလွှတ်ခြင်းရှိလိမ့်မည်ဖြစ်ကြောင်း ပြောထားသည်။ သခင်ယေရှုက ကိုယ်တော်၏နာမ၌ ကျွန်ုပ်တို့ကို တစ်စုံတစ်ခုပေးရန် ကတိပေးထားပြီး၊ ကိုယ်တော်ပေးသည့်အရာမှာ ဝိညာဉ်တော်ဖြစ်သည်။ ဝိညာဉ်တော်သည် ကိုယ်တော်နာမတော်၏ စစ်မှန်ခြင်း ဖြစ်သည်။

5. ၁ကောရိန္သု ၁၂း၃ တွင် "ယေရှုသည် သခင်ဖြစ်တော်မူ၏ဟု သန့်ရှင်းသော ဝိညာဉ်တော်၌ မဟုတ်ပါက၊ အဘယ်သူမျှ မပြောနိုင်" ဟု ပြောထားသည်။ သင်သည် ယေရှု၏နာမတော်ကို ခေါ်သောအခါ သင်သည် ဝိညာဉ်တော်၌ ရှိနေသည်။ သင်သည် "သခင်ယေရှု"ဟု ခေါ်သောအခါ ဝိညာဉ်တော်ကို ရရှိသည်၊ အကြောင်းမှာ သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှု၏စစ်မှန်ခြင်းဖြစ်သောကြောင့်ဖြစ်သည်။

B. ယနေ့ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိသောကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည် - ရော၊၈း၁၆။ ၂တိ၊၁း၆-၇။

1. နာမတော်၏ စစ်မှန်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပြီး၊ ယနေ့ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ရှိသည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရခြင်းဖြစ်သည်။

2. ကျွန်ုပ်တို့အတူတကွ စည်းဝေးခြင်း၏ သော့ချက်၊ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့၏အသစ်မွေးဖွားခံရသော လူသားဝိညာဉ်ကို လေ့ကျင့်ခြင်းဖြစ်သည်။ ၁ကောရိန္သု ၁၄း၃၂ သည် အခိုင်မာဆုံး သက်သေပြချက်ဖြစ်သည်။ အငယ် ၃၁ တွင် ကျွန်ုပ်တို့ "အားလုံး ပရောဖက်ပြုနိုင်သည်"ဟု ပြောထားသည်။ ထိုနောက် အငယ် ၃၂ တွင် ပရောဖက်ပြုခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်းပင်ဖြစ်ကြောင်း ဆက်လက် ပြောထားသည်။

3. ပရောဖက်ပြုခြင်း ဆိုသည်မှာ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရန် အစပြုခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့က ဦးဆောင်သည်ဟု ထင်ရသော်လည်း၊ ကျွန်ုပ်တို့ပြုသောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် လိုက်လာကာ၊ စီးထွက်လာသည်၊အကြောင်းမှာ ယနေ့ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရောနှောပေါင်းစည်းနေသောကြောင့် ဖြစ်သည်။

C. ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရန်နည်းလမ်းကို ကျွန်ုပ်တို့မြင်ဖို့ လိုအပ်သည်။

1. ကျွန်ုပ်တို့က "သခင်ယေရှု"ဟု ခေါ်ဆိုခြင်းမှုဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်၌ ပြုမူခြင်းနှင့် အစပြုခြင်း ရှိနိုင်ပါသည်။ "ယေရှုသည် သခင်ဖြစ်တော်မူ၏ဟု သန့်ရှင်းသောဝိညာဉ်တော်၌ မဟုတ်ပါက၊ အဘယ်သူမျှမပြောနိုင်" - ၁၂း၃။

2. သင်သည် "သခင်ယေရှု" ဟု ခေါ်ဆိုသောအခါ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်ပေးခြင်း၌ ရှိနေခြင်းဖြစ်သည်။ လှုံ့ဆော်ပေးခြင်းခံရရန် သင်သည် စောင့်နေစရာ မလိုအပ်ပါ။ သင်သည် ၎င်း၌ ရှိနေပြီးသားဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အစည်းအဝေး၌၊ ကျွန်ုပ်တို့၏အိမ်၌၊ တစ်နေ့လျှင် အကြိမ်ထောင်ပေါင်းများစွာ "သခင်ယေရှု"ဟု ခေါ်ဆိုရန် သင်ယူရမည်ဖြစ်သည် - *Hymns*, # 782; # 1083.

3. ထို့နောက် အစည်းအဝေးများ၌ သင့်ကိုယ်သင် သန့်ရှင်းသောဝိညာဉ်တော်၌ စောင့်ထိန်းရန် ဒုတိယနည်းလမ်းမှာ ပရောဖက်ပြုရန် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ရှိခြင်းမှာ ပရောဖက်ပြုခြင်းကို ဆိုလိုသည် - ၁ကော၊ ၁၄း၃၁-၃၂။

## II. ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာအားဖြင့်၊ ပရောဖက်ပြုခြင်းအားဖြင့် - သာ၍မြတ်သော ဆုကျေးဇူးနှင့် အမြတ်ဆုံးသောလမ်းဖြင့် စည်းဝေးရန် လိုအပ်သည် - ၁ကော၊၁၂-၁၄။

A. ၁ကောရိန္သု ၁၂ အဆုံးပိုင်းတွင် တမန်တော်က ကျွန်ုပ်တို့သည် "သာ၍မြတ်သော ဆုကျေးဇူး"ကို အလွန်အလိုရှိကြရန် ပြောထားသည်။ သာ၍မြတ်သော ဆုကျေးဇူးမှာ ဘာသာစကားပြောခြင်း သို့မဟုတ် အနာငြိမ်းစေခြင်း မဟုတ်ဘဲ၊ ပရောဖက်ပြုခြင်းဖြစ်သည်၊ ပရောဖက်ပြုခြင်းသည် အသင်းတော်ကို တည်ဆောက်သည် - ၁၄း၃-၄။

B. ပေါလုက ကျွန်ုပ်တို့သည် သာ၍မြတ်သော ဆုကျေးဇူးများကို အလွန်အလိုရှိကြရန် ပြောထားသည်၊ သို့သော် သူက အထူးမြတ်ဆုံးသောလမ်းကို ပြဦးမည်ဖြစ်ကြောင်း ပြောထားသည်။ အထူးမြတ်ဆုံးသောလမ်းမှာ ချစ်ခြင်းမေတ္တာဖြစ်သည် - ၁၃း၁။

C. ၁ကောရိန္သု ၁၂၊ ၁၃ နှင့် ၁၄ တို့မှ ကျွန်ုပ်တို့အဓိကရရှိသည့်အချက်မှာ ကျွန်ုပ်တို့ရှာဖွေရမည့် သာလွန်ထူးကဲသော အရာနှစ်ခုရှိပြီး၊ ယင်းတို့မှာ ချစ်ခြင်းမေတ္တာနှင့် ပရောဖက်ပြုခြင်းတို့ဖြစ်သည်။ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာကို ဆည်းပူးရမည်၊ ကျွန်ုပ်တို့ ပရောဖက်ပြုခြင်းကို ရှာဖွေရမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် အသက်ဖြစ်ပြီး၊ ပရောဖက်ပြုခြင်းသည် လုပ်ဆောင်မှုဖြစ်သည် - ၁၄း၁။

D. ချစ်ခြင်းမေတ္တာနှင့်ပရောဖက်ပြုခြင်းနှစ်ခုလုံးတို့မှာ ဝိညာဉ်တော်၏အရာများဖြစ်ကြောင်း၊ ဤအရာများသည် အသင်းတော်ကို တည်ဆောက်သည့် အရာများပင်ဖြစ်ကြောင်း သိနားလည်ရန် လိုအပ်သည်။ ၁ကောရိန္သုစာစောင်၌ တည်ဆောက်ခြင်းပြုသည့်အရာ နှစ်ခုတည်းသာရှိကြောင်း၊ ပထမမှာ ချစ်ခြင်းမေတ္တာဖြစ်ပြီး (၈း၁)၊ ဒုတိယမှာ ပရောဖက်ပြုခြင်းဖြစ်ကြောင်း (၁၄း၅) ကျွန်ုပ်တို့မြင်နိုင်ပါသည်။

E. နောက်ဆုံးတွင် အခန်း ၁၅ ၌ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ ပရောဖက်ပြုခြင်းနှင့် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်ဖြစ်သော ဤခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်ကြောင်း ပြောထားပါသည် - အငယ်၊၄၅။

### III. ကျွန်ုပ်တို့သည် ဝိညာဉ်၌ မှန်ကန်သင့်လျော်သည့် အသက်ဖြင့် စည်းဝေးရန် လိုအပ်သည် - ၁ကော၊၁း၂၊ ၉။ ၂း၄။ ၇း၄၀။

A. ကျွန်ုပ်တို့သည် မှန်ကန်သင့်လျော်သည့်လမ်းဖြင့် စည်းဝေးတော့မည်ဆိုလျှင် ၁ကောရိန္သုစာစောင်က တင်ဆက်ထားသည့် ခရစ်တော်ကို ကျွန်ုပ်တို့ တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့၏ နေ့စဉ်လျှောက်လှမ်းခြင်းတွင် ဝိညာဉ်၌ ကျွန်ုပ်တို့၏အသက်အဖြစ် ကိုယ်တော်ကို ရရှိလိမ့်မည်ဖြစ်သည်။

B. ထိုနောက် ကျွန်ုပ်တို့သည် အတူတကွ စုဝေးသောအခါ ခရစ်တော်၏ တစ်စုံတစ်ရာကို ပရောဖက်ပြုရန် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရန်သာ လိုအပ်တော့သည်။ ကျွန်ုပ်တို့သည် အတူတကွ စည်းဝေးကြသည့်အခါ ကျွန်ုပ်တို့၏နေ့စဉ်အသက်ရှင်ခြင်း၌ တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်ခဲ့ပြီးသော ကိုယ်တော်၏ တစ်စုံတစ်ရာကို ကျွန်ုပ်တို့ပြောနိုင်ပါသည်။ ဤသည်မှာ ကျွန်ုပ်တို့အဖို့ စည်းဝေးရန် နည်းလမ်းဖြစ်သည်။

C. ၁ကောရိန္သုစာစောင်က ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို ခရစ်တော်အထဲသို့ ထားရှိ၍၊ ခရစ်တော်ကို ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်စေရန်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖွင့်ပြထားသည် - ၁း၂၄၊ ၃၀။ ၁၅း၄၅။

1. အခန်း ၁ တွင် ကျွန်ုပ်တို့အဖို့ ခရစ်တော်သည် တန်ခိုးနှင့် ဘုရားသခင်၏ပညာတော်ဖြစ်ကြောင်း (အငယ်၊ ၂၄)၊ ဘုရားသခင်အားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ယေရှု၌ ရှိကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပညာတော် - ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်းဖြစ်လာခဲ့ကြောင်း မြင်ရသည် - အငယ်၊၃၀။
2. ထိုနောက် ပေါလုက ဆက်လက်၍ နောက်ဆုံးသောအာဒံဖြစ်သည့် ဤခရစ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်စေခြင်း ခံရပြီဖြစ်ကြောင်း ပြောထားသည် (၁၅း၄၅)။ ယခုတွင် ကျွန်ုပ်တို့ထံ ကိုယ်တော်၏ ဖြစ်ခြင်းရှိသမျှသည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အခြားမည်သည့်အင်္ဂါဖြင့်မျှမဟုတ်ဘဲ၊ ဝိညာဉ်အားဖြင့် သိမှတ်နားလည်ခြင်း၊ တွေ့ကြုံခံစားခြင်း ရှိရမည်ဖြစ်သည် - ညွှန်း၊ ၂တိ၊၄း၂၂။ ရော၊၈း၁၀၊ ၆။
3. ၁ကောရိန္သု ၆ တွင် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေကြောင်း (အငယ်၊၁၉) သခင်ဘုရားထံသို့ ပေါင်းစည်းဆက်နွှယ်သောသူသည် ကိုယ်တော်နှင့်တစ်ဝိညာဉ်တည်းဖြစ်ကြောင်း ပြောထားသည် - အငယ်၊၁၇။

D. ၁ကောရိန္သုစာစောင်ရှိ အခန်းများအားလုံး၏ စကားစပ်အထဲသို့ ကြည့်ရှုပြီး၊ ပြည့်ဝသော မြင်ကွင်းကို ရရှိခြင်းအားဖြင့်၊ စည်းဝေးခြင်း၌ လှုပ်ရှားလုပ်ဆောင်မှုမှာ ကျွန်ုပ်တို့နေ့စဉ်လျှောက်လှမ်းခြင်းရှိ အသက်တာအပေါ် မူတည်နေကြောင်း ကျွန်ုပ်တို့သိနားလည်ရသည်။ မှန်ကန်သင့်လျော်စွာ အတူတကွ စည်းဝေးရန်နည်းလမ်းမှာ မှန်ကန်သင့်လျော်စွာ အသက်ရှင်ခြင်းရှိရန်ဖြစ်သည်။

1. ဤအရာသည် ခရစ်တော်ကို ကျွန်ုပ်တို့၏ဝိညာဉ်၌ ကျွန်ုပ်တို့၏အသက်နှင့် အရာခပ်သိမ်းအဖြစ် ရယူခြင်းကို ဆိုလိုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဝိညာဉ်ကို မည်သို့စဉ်ဆက်မပြတ် လေ့ကျင့်ရမည်ကို သင်ယူရမည်ဖြစ်သည် - ညွှန်း၊ ရော၊၈း၄။
2. တမန်တော်ပေါလုသည် ဤအရာကို ပြခဲ့သည့်သူပင်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်။ သူသည် သူ၏ဝိညာဉ်၌ အလွန်ပင် သန်စွမ်းခဲ့သည်။ သူသည် သူ၏ဝိညာဉ်ကို အမြဲတမ်း လေ့ကျင့်ခဲ့သည် (၁ကော၊၄း၂၁။ ၅း၃-၄။ ကော၊ ၂း၅)။ ဤသည်မှာ အသက်ရှင်ရန် မှန်ကန်သင့်လျော်သည့် နည်းလမ်းဖြစ်ကာ၊ ဤသို့သော အသက်ရှင်ခြင်းမျိုးသည် စည်းဝေးရန်အတွက် မှန်ကန်သင့်လျော်သော နည်းလမ်း၏ ပထမဆုံးသော လိုအပ်ချက်ဖြစ်သည်။

### IV. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ပြသထင်ရှားခြင်းအားဖြင့် စည်းဝေးရန် လိုအပ်သည် - ၁ကော၊၂း၁-၄။ ၂တိ၊၁း၇။

A. ယခု ကျွန်ုပ်တို့သည် ခရစ်တော်အတွက် စကားပြောသမျှ၊ အစည်းအဝေး၌ ကျွန်ုပ်တို့ ပြုသမျှသည် ဝိညာဉ်ကို ပြသထင်ရှားခြင်းဖြစ်ရမည်ဖြစ်ကြောင်း မြင်ရမည်။ ဤသည်မှာ အတော်လေး အရေးကြီးသည်။ ကျွန်ုပ်တို့၏ဝိညာဉ် ပြသထင်ရှားခြင်းမရှိဘဲ ခရစ်တော်ကို အခြားသူများထံသို့ အမှုဆောင်ခြင်း မရှိနိုင်ပါ - ၁ကော၊၂း၁-၄။

B. ကျွန်ုပ်တို့အားလုံးသည် ဝိညာဉ်ကို ပြသထင်ရှားခြင်းနှင့်အတူ အစည်းအဝေး၌ ခရစ်တော်အတွက် တစ်စုံတစ်ရာ ပြောရန် သင်ယူရမည်။ ဤအရာကို ကျွန်ုပ်တို့လေ့ကျင့်လုပ်ဆောင်ရမည်။ ဤအရာကို လုပ်ရမည်ဖြစ်သည် - ၂တိ၊၁း၇။

C. မည်သူမဆို ပရောဖက်ပြုရန် ထသောအခါတိုင်း ဝိညာဉ်၏ ပြသထင်ရှားခြင်း ရှိသင့်သည်။ ဤသည်မှာ စည်းဝေးရန် မှန်ကန်သည့်နည်းလမ်းဖြစ်သည်။ ဤသည်မှာ နည်းစနစ်များကို သင်ယူခြင်းအကြောင်းအရာမဟုတ်ပါ၊ နည်းစနစ်များသည် အလုပ်မဖြစ်ပါ။

D. ကျွန်ုပ်တို့သည် ခရစ်တော်အတွက် တစ်စုံတစ်ရာ ပြောတော့မည်ဆိုလျှင် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းရှိရမည်၊ စည်းဝေးခြင်းအသက်တာသည် ဤအရာအပေါ် မူတည်နေသည်။ ခရစ်ယာန်အစည်းအဝေးသည် သရုပ်ပြခြင်းမျိုး မဟုတ်ဘဲ၊ ပြသထင်ရှားခြင်းမျိုး ဖြစ်သည်။ ခရစ်ယာန်အစည်းအဝေးသည် ခရစ်တော်၌ ကျွန်ုပ်တို့ဖြစ်သည့်အရာကို ထုတ်ဖော်ပြသခြင်းဖြစ်ရမည် - Hymns, #864.

E. ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ သင်နှင့်ကျွန်ုပ်အတွက် အရေးအကြီးဆုံးအရာမှာ “အို သခင်ယေရှု၊ အို သခင်ယေရှု” ဟု နာမတော်ခေါ်ခြင်း၏ အရိုးရှင်းဆုံးနည်းလမ်းဖြင့် သခင်ဘုရားကို ထိတွေ့ခြင်းငှာ ကျွန်ုပ်တို့၏ဝိညာဉ်ကို စဉ်ဆက်မပြတ် လေ့ကျင့်ခြင်းဖြစ်သည်။

F. ကျွန်ုပ်တို့အားလုံးသည် နေ့စဉ်အသက်တာ၌ ခရစ်တော်အတွက် တစ်စုံတစ်ရာ ပြောထွက်ရန် အစဉ်မပြတ် သင်ယူရမည်ဖြစ်သည်။ သင်သည် ပြောထွက်လေလေ၊ သင်သည် အောင်မြင်လေလေဖြစ်သည်။ သင် မည်သည့်နေရာ၌ရှိရှိ ဓမ္မသီချင်းများကို သီဆိုရန် သင်ယူပါ။ ဤအရာနှစ်ခု - ပြောထွက်ခြင်းနှင့် သီဆိုခြင်း တို့သည် သင့်ကို အလွန် ရှင်သန်ရန်၊ တက်ကြွလှုပ်ရှားရန်၊ စည်းဝေးခြင်းများ၌ လှုပ်ရှားလုပ်ဆောင်ဖို့ စိတ်အားထက်သန်မှုရှိစေရန် ကူညီပေးမည်ဖြစ်သည်။

G. သင်သည် စည်းဝေးခြင်းအတွက် သခင်ဘုရားနှင့်အမှန်ပင် လုပ်ဆောင်လိုလျှင် သင်သည် အချိန်မှန်ခြင်း ရှိရမည်ဖြစ်သည်။ ဘတ်စ်ကက်ဘောအသင်းကဲ့သို့ပင် ကစားပွဲကောင်းကောင်းကို ကစားရန် ကျွန်ုပ်တို့အားလုံးသည် သတ်မှတ်ချိန်မတိုင်မီ ရောက်နေကာ၊ မိမိကိုယ်ကို ပြင်ဆင်ထားပြီး၊ ရှေ့ဆုံးသို့ အမြဲ ရှိနေရမည်ဖြစ်သည်။

H. ကျွန်ုပ်တို့သည် မိမိတို့၏ဇာတိပင်ကိုစိတ်ကို ဆန့်ကျင်ရပ်တည်ရမည်။ ကျွန်ုပ်တို့သည် အများရှေ့၌ စကားပြောရန် နေရာချထားခြင်း မခံရသောသူဖြစ်လျှင်၊ အစည်းအဝေးများ၌ ခရစ်တော်အတါက် စကားပြောရန် အစပြုဖို့ အမြဲရှိနေရမည်ဖြစ်သည်။ တစ်ဖက်တွင် ကျွန်ုပ်တို့သည် စကားပြောရန် အလွန်လွယ်ကူသည်သူဖြစ်လျှင် မိမိကိုယ်ကို ဆန့်ကျင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ အခြားသော ပင်ကိုစိတ် တည်ဆောက်လာခြင်းမတိုင်မီ ကျွန်ုပ်တို့သည် ခဏတာမျှ ငြိမ်နေလျှင် ကောင်းပါသည်။

## Message 5

## စည်းဝေးခြင်းများသို့ လာရန် နည်းလမ်းနှင့် ချီးမွမ်းခြင်း အလေ့အထ

ဖတ်ရန်ကျမ်း။ ။ ဆာ၊၈၄း၁-၂။ ၅၅း၁၄။ ၁၂၂း၁။ ၄၂း၄။ ၈၆း၈။ ၁တိ၊၄း၇

**I. ယခုတွင် စည်းဝေးခြင်းများသို့ မည်သို့လာရမည့်အကြောင်းအရာသို့ ရောက်လာကြပြီဖြစ်သည် - စည်းဝေးခြင်းများကို မည်သို့ ဆက်လက်လုပ်ဆောင်ရန် သို့မဟုတ် စည်းဝေးခြင်းများ၌ မည်သို့ပြုမူရန် ပြောခြင်းမဟုတ်ဘဲ၊ စည်းဝေးခြင်းများ သို့ မရောက်လာမီ မည်သို့ လာရမည့်အကြောင်း ဖြစ်သည်။ စည်းဝေးခြင်းသို့လာခြင်းသည် ပြင်ဆင်ခြင်းအမျိုးအစား ဖြစ်ရမည်။**

**II. ဆာလံကျမ်း၌ ရှေးခေတ်က သန့်ရှင်းသူများသည် သခင်ဘုရား၏လူမျိုးတော် စုဝေးရာသို့ လာကြသောအခါ သူတို့သည် အနည်းဆုံး အရာခုနစ်ခုဖြင့် လာကြသည်။**

A. ပထမအနေဖြင့်၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ကိန်းဝပ်ရာနေရာကို ချစ်ခြင်းဖြင့် လာကြရမည် - ဆာ၊၈၄း၁-၂။ Hymns, #852:

1. လက်တွေ့ကျကျဆိုရလျှင် သခင်ဘုရား၏ကိန်းဝပ်နေရာကို ချစ်ခြင်းမှာ စည်းဝေးခြင်းများကို ချစ်ခြင်းဖြစ်သည်။
2. ကျွန်ုပ်တို့သည် စည်းဝေးခြင်းများကို အမှန်ပင် ချစ်မည်ဆိုလျှင် အသင်းတော်စည်းဝေးခြင်းများသည် ကျွန်ုပ်တို့၏ လက်တွေ့ကျသော အိမ်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏လက်တွေ့ကျသော မိသားစုအသက်တာဖြစ်ကြောင်း ပြောလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့က "အစည်းအဝေးများမရှိဘဲ၊ ကျွန်ုပ်သည် အိမ်လွမ်းသူဖြစ်သည်"ဟု ပြောနိုင်ရမည်။
3. ကျွန်ုပ်တို့အားလုံးသည် စည်းဝေးခြင်းများကို ချစ်သည့် သင်ခန်းစာကို သင်ယူရမည်။ အခြေအနေများသည် အမှန်ပင် ဟန့်တားခြင်းမရှိခဲ့ပါက၊ ကျွန်ုပ်တို့သည် အစည်းအဝေးများသို့ အမှန်ပင်လာရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စည်းဝေးခြင်းများကို အမှန်ပင်ချစ်မည်ဆိုလျှင် အခြေအနေများထဲမှ နည်းလမ်းကို ရှာမည် သို့မဟုတ် စည်းဝေးရာသို့ရောက်ရန် အခြေအနေများကို ဖြတ်ကျော်မည်ဖြစ်သည်။
4. မည်သည့်အရာကမျှ စည်းဝေးခြင်းများ၏ နေရာကို အစားမထိုးနိုင်ပါ။ စည်းဝေးခြင်းများမှ ကျွန်ုပ်တို့ရရှိသည့် ကောင်းချီး၊ နှစ်သိမ့်မှု၊ အသက်၊ အလင်း၊ စိတ်ဓာတ်မြှင့်တင်ပေးမှုနှင့် တည်ဆောက်ခြင်းစသည်တို့ကို အခြား မည်သည့်အရာကမျှ မပေးစွမ်းနိုင်ပါ -*Hymns*, #1152.

B. ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် "သာယာသောဆွေးနွေးတိုင်ပင်ခြင်း၌" အစည်းအဝေးများသို့ လာရမည်ဖြစ်သည် - ဆာ၊၅၅း၁၄။

1. ကျွန်ုပ်တို့သည် စည်းဝေးခြင်းသို့ မလာမီ၊ မိတ်သဟာယဖွဲ့ခြင်းအချို့ ရှိခြင်းမှာ ကောင်းပါသည်။ အစည်းအဝေး သွားရာလမ်းတွင် ညီအစ်ကို ညီအစ်မများနှင့် သာယာသော ဆွေးနွေးတိုင်ပင်မှုရှိခြင်း၊ မိတ်သဟာယဖွဲ့ခြင်း သို့မဟုတ် ရောက်လာမည့် ပွဲတော်ကို မျှော်ကိုးခြင်း၌ အတူတကွ ချီးမွမ်းခြင်းရှိရန်မှာ အလွန်ကောင်းပါသည်။၏
2. ဤသည်မှာ မိမိကိုယ်ကိုပြင်ဆင်ရန်နှင့် စည်းဝေးခြင်းသို့လာရန် ဒုတိယနည်းလမ်းဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးများသည် သခင်ဘုရားထံ လှည့်ပြန်လာကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်များသည် လန်းဆန်းသစ်လွင်ခြင်း၊ လွတ်မြောက်ခြင်း ရှိလိမ့်မည်ဖြစ်သည်။

C. တတိယအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်သို့ တစ်သီးပုဂ္ဂလ မသွားရပါ၊ ဖြစ်နိုင်လျှင် အပေါင်းအဖော်နှင့် သွားရမည်။ တစ်ယောက်ချင်းစီ မဟုတ်ဘဲ၊ အုပ်စုလိုက် သွားရမည် - ၄၂း၄။ ၁၂၂း၃-၄။

1. စည်းဝေးခြင်းများသို့ လာခြင်း၌ပင်လျှင် ကျွန်ုပ်တို့သည် ညှိနှိုင်းလုပ်ဆောင်ခြင်းအချို့ကို လိုအပ်သည်။ ကျွန်ုပ်တို့သည် အပေါင်းအသင်းဖြင့် အတူတကွ လာရမည်ဖြစ်သည်။
2. စည်းဝေးခြင်းများသို့ အတူတကွ သွားခြင်းသည် အမှန်ပင် အကူအညီဖြစ်စေသည်။ ဤသည်မှာ ရန်သူထံသို့လည်းကောင်း၊ စောင့်ကြည့်နေသည့် လောကရှိ ကျွန်ုပ်တို့၏အိမ်နီးချင်းများထံသို့လည်းကောင်း စစ်မှန်သောသက်သေခံချက်ဖြစ်သည်။

D. စတုတ္ထအနေဖြင့် ကျွန်ုပ်တို့သည် စည်းဝေးခြင်းများသို့ ဝမ်းမြောက်ကြွေးကြော်သံဖြင့် လာရန် လိုအပ်သည် - ၄၂း၄။

1. ကျွန်ုပ်တို့သည် စည်းဝေးခန်းမသို့ ဝင်ရောက်ကာ ဟာလေလုယဟု အော်ဟစ်ပြီး၊ သခင်ဘုရားထံ ချီးမွမ်းသီဆိုသည့်အချိန်အထိ စောင့်ရန် မလိုအပ်ပါ။ လမ်း၌ သွားစဉ်မှာပင် ကျွန်ုပ်တို့ အစပြုခြင်း ရှိသင့်သည်။
2. သို့သော်လည်း၊ ဤအရာကို ကျွန်ုပ်တို့ကိုယ်တိုင် ပြုရန် အတော်လေးခက်ခဲသည်။ ကျွန်ုပ်တို့သည် အပေါင်းအသင်းကိုလိုအပ်သည်။ ကျွန်ုပ်တို့သည် လူအများကို လိုအပ်သည်။ ကျွန်ုပ်တို့ လေးဦး ငါးဦး အတူတကွ လာကြကာ၊ “ဟာလေလုယ၊ အာမင်၊ ယေရှုသည် သခင်ဖြစ်တော်မူ၏” ဟု ကြွေးကြော်နိုင်သည်။

E. ပဉ္စမအနေဖြင့် ကျွန်ုပ်တို့သည် ကျေးဇူးတင်ခြင်းနှင့် ချီးမွမ်းခြင်းဖြင့် စည်းဝေးခြင်းသို့ လာရန်လိုအပ်သည် - ၁၀၀း၄။

1. စည်းဝေးခြင်းသို့ သွားရလမ်းမှာ ရှိနေစဉ်မှာပင် ကျွန်ုပ်တို့သည် ခရစ်တော်ထံ ကျေးဇူးတင်ခြင်းနှင့် ချီးမွမ်းခြင်းကို စတင်ပူဇော်သင့်သည်။ ကျွန်ုပ်တို့၏အပြစ်များအားလုံးနှင့် အားနည်းခြင်းများမှ အဖိုးထိုက်သောအသွေးတော်ဖြင့် ဆေးကြောပေးခြင်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်ကာ၊ ချီးမွမ်းပြီး၊ ယနေ့ ကျွန်ုပ်တို့ထံ ကိုယ်တော်ဖြစ်သမျှအားလုံးအတွက် ကျေးဇူးတင် ချီးမွမ်းရမည်ဖြစ်သည်။
2. လာမည့်အစည်းအဝေး၌ ကိုယ်တော်ပြုမည့် အရာအာလုံးအတွက်လည်း ကိုယ်တော်ကို ကျေးဇူးတင်ခြင်း ချီးမွမ်းခြင်းရှိရမည်။ ထိုသို့ပြုခြင်းဖြင့် ကျွန်ုပ်တို့သည် ကောင်းစွာပြင်ဆင်ခြင်း ရှိမည်ဖြစ်သည်။

F. ဆဋ္ဌမအနေဖြင့်၊ ကျွန်ုပ်တို့သည် သခင်ဘုရားထံ ဘုန်းအသရေပေးရမည်၊ လမ်းမှ ကိုယ်တော်ကို ဘုန်းထင်ရှားစေရမည်၊ အခြားသူများအား ကျွန်ုပ်တို့သည် စည်းဝေးရာသို့ သွားနေကြောင်းကို သိစေရမည်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရား၏နာမတော်အဖို့ အမှန်ပင် ဘုန်းတော် ဖြစ်ပေသည် - ၉၆း၈။

G. သတ္တမနှင့် နောက်ဆုံးအနေဖြင့်၊ ကျွန်ုပ်တို့သည် မီးရှို့ရာပူဇော်သက္ကာဖြစ်စေ အခြားပူဇော်သက္ကာဖြစ်စေ၊ ပူဇော်သက္ကာအချို့ဖြင့် လာရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ထံသို့ ပူဇော်ရန် ပူဇော်သက္ကာအဖြစ် ခရစ်တော်၏တစ်စုံတစ်ရာဖြင့် အစည်းအဝေးသို့ လာရမည်ဖြစ်သည်။ ကျွန်ုပ်တို့မည်သူမျှ လက်ချည်းဗလာဖြင့် မလာသင့်ပါ - ၉၆း၈။ ညွှန်း၊ ၁ကော၊၁၄း၂၆ မှတ်စု ၁။

**III. ကျွန်ုပ်တို့သည် ချီးမွမ်းခြင်းအလေ့အထကို လိုအပ်သည်။ ချီးမွမ်းခြင်းအားဖြင့် စည်းဝေးခြင်းသည် ဘုရားဝတ်မွေ့လျော်ခြင်း၏ အဓိက အချက်များမှ တစ်ခုဖြစ်သည်။ ထို့ကြောင့် သခင်ဘုရားကို ချီးမွမ်းရန် အတူတကွ လာကြခြင်းသည် လေ့ကျင့်ခြင်း၏ အကြောင်းအရာဖြစ်သည် - ၁တိ၊၄း၇။**

A. ကျွန်ုပ်တို့သည် နှုတ်ကို ဖွင့်ခြင်းအကျင့်ကို တည်ဆောက်ရန် လက်တွေ့လုပ်ဆောင်ရမည်။ ကျွန်ုပ်တို့သည် မည်သို့ချီးမွမ်းခြင်းကို မြွက်ဆိုရန်နှင့် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းများမှ ချီးမွမ်းခြင်းများကို မည်သို့ ဖွဲ့ဆိုရန် သင်ယူဖို့

လက်တွေ့လုပ်ဆောင်ရမည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့သည် ဦးဆောင်သူအားဖြင့် မဟုတ်ဘဲ၊ အယောက်တိုင်းအားဖြင့် မည်သို့ ပြုလုပ်ရမည်ကို သင်ယူရမည်ဖြစ်သည်။

B. ကျွန်ုပ်တို့၏ စည်းဝေးခြင်းများအားလုံး၌ ကျွန်ုပ်တို့ကို အုပ်စိုးရမည့် မူအလေ့အလာမှာ လူ့ဇာတိခံခြင်း၏အလေ့အလာ ဘုရားနှင့်လူ၏ ရောနှောပေါင်းစည်းခြင်းအလေ့အလာဖြစ်ကြောင်း ကျွန်ုပ်တို့ အလွန်ရှင်းလင်းမှုရှိရမည်။

1. ယနေ့ ကျေးဇူးတော်ခေတ်ကာလ၌ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်အားဖြင့် မည်သည့်အရာကိုမျှ ပြုမည် မဟုတ်ပါ။ ကိုယ်တော်သည် လူသား၏ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်။ တစ်ဖက်တွင် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်အားဖြင့် ဘာမျှ မလုပ်နိုင်ပါသည်။ ဘုရားသခင်၏ပူးပေါင်းဆောင်ရွက်မှုကို ကျွန်ုပ်တို့လိုအပ်သည်။
2. ထိုသို့သောခေတ်၌ စည်းဝေးခြင်းများအဖို့ သော့ချက်မှာ ကျွန်ုပ်တို့၏ဝိညာဉ် လွတ်မြောက်ခြင်းနှင့် ပြသထင်ရှားခြင်းဖြင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ကို လွတ်မြောက်စေမည်ဆိုလျှင် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် သခင်ယေရှုသည် အလိုအလျောက် လွတ်မြောက်ခြင်း ရှိမည်။ ဤသည်မှာ လူ့ဇာတိခံခြင်း၏ မူအလေ့အလာ ဖြစ်သည်။

C. အစည်းအဝေးသည် မည်သည့်အချိန် မည်သည့်နည်းလမ်းဖြင့်မဆို အစပြုခြင်းရှိကောင်းရှိနိုင်သည်၊ ၎င်းသည် ပုံစံများ၊ စည်းမျဉ်းစည်းကမ်းများမပါဘဲ ဝိညာဉ်တော်၏တစ်စုံတစ်ရာဖြစ်ရမည်။ ကျွန်ုပ်တို့က ဓမ္မသီချင်းဖြင့်ဖြစ်စေ၊ သက်သေခံချက်ဖြင့်ဖြစ်စေ၊ သခင်ဘုရား၏နာမတော်ခေါ်ခြင်းအားဖြင့် ဖြစ်စေ၊ သခင်ဘုရားကို ချီးမွမ်းခြင်းအားဖြင့် ဖြစ်စေ အစပြုနိုင်သည်။ ကျွန်ုပ်တို့အားလုံးသည် စီးဆင်းခြင်းအထဲသို့ ဝင်ရောက်ကာ၊ နှုတ်ကို ဖွင့်ပြီး ရှေ့ဆက်သွားရမည် ဖြစ်သည်။

1. ကျွန်ုပ်တို့သည် သခင်ဘုရားထံ မိမိကိုယ်ကို ဖွင့်ပေးကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်အတွင်းနက်နဲမှ တစ်စုံတစ်ရာ မြွက်ဆိုရမည်ဖြစ်သည် - တိုတောင်းရမည်၊ မြန်ရမည်၊ စစ်မှန်ရမည်၊ သစ်လွင်ရမည်။
2. ကျွန်ုပ်တို့အားလုံးသည် ကောင်းကင်ဆိုင်ရာအသင်းအဖွဲ့ဖြစ်ကာ၊ သခင်ဘုရားအတွက် ဂိုးရဖို့ရန် အတူတကွ ညှိနှိုင်းလုပ်ဆောင်ကြသည်။ တစ်သင်းလုံးအတွက် ဘောလုံးတစ်လုံးတည်းသာရှိပြီး၊ ကျွန်ုပ်တို့သည် ညှိနှိုင်းလုပ်ဆောင်သည့်နည်းလမ်းဖြင့် ကစားရမည်ဖြစ်သည် - *Hymns*, #867, s. 2.

D. ရှေ့ဦးစွာ ကျွန်ုပ်တို့သည် စည်းဝေးခြင်းများ၌ မှီခိုမှုကင်းစွာ၊ တစ်ဦးတည်းသီးသန့်နည်းဖြင့် ဘယ်တော့မှ မပြုမူသင့်ပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ အထိမခံဖြစ်ရန် ရှာဖွေကာ၊ စည်းဝေးခြင်း၏ စီးဆင်းမှုကို အာရုံခံစားရန် ရှာဖွေရမည်။ အစည်းအဝေး၌ အစပြုသည့် မည်သည့်အရာကိုမဆို ကျွန်ုပ်တို့သည် ရိုးရိုးလေး လိုက်လျှောက်ကာ အခြားသူများနှင့် ညှိနှိုင်းလုပ်ဆောင်ရမည်ဖြစ်သည်။

E. ဒုတိယအနေဖြင့်၊ ကောင်းသောညှိနှိုင်းလုပ်ဆောင်ခြင်းအတွက် ကျွန်ုပ်တို့သည် အခြားသူများကို ကောင်းစွာ ဂရုစိုက်ရမည်၊ ကျွန်ုပ်တို့၏နှုတ်ကိုသာမက၊ ကျွန်ုပ်တို့၏နားများကိုလည်း အသုံးပြုရမည်။ ကျွန်ုပ်တို့သည် စတင်စကားပြောပြီး၊ အခြားသူများ စကားပြောသည်ကို ကြားရလျှင် ချက်ချင်း မိမိ၏အသံကို ရပ်ကာ၊ အခြားသူများ၏ ချီးမွမ်းသံကို ပြီးစီးစေရမည်ဖြစ်သည်။

F. နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ခြင်းနှင့် ချီးမွမ်းဖတ်ခြင်းပြုစဉ် ကျွန်ုပ်တို့၏ မြွက်ဆိုမှုနှင့်စပ်လျဉ်း၍၊ ကျွန်ုပ်တို့က ကျမ်းပိုဒ်၏ စကားလုံးများကို ကျွန်ုပ်တို့၏ ဆုတောင်းချက် သို့မဟုတ် ချီးမွမ်းခြင်းအဖြစ် အသုံးပြုမည်ဆိုလျှင် ပို၍ကောင်းပြီး၊ အခြားတစ်ဖက်တွင် နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့၏ သစ်လွင်သော အတွေ့အကြုံများနှင့် ရောနှောပေါင်းစည်းနိုင်မည်ဖြစ်သည် - ဆာ၊၄၅း၁-၂။

G. ကျွန်ုပ်တို့၏အစည်းအဝေးများ၌ ကျွန်ုပ်တို့သည် အမျိုးအစားစုံလင်မှုအချို့ကိုလည်း လိုအပ်သည်။ မည်သို့သော လှည်းဘီးရာအဟောင်းအထဲသို့မျှ ကျသွားရန် မလိုအပ်ပါ။ ကျွန်ုပ်တို့အတွင်း၌ ရှိသောအရာသည် အသက်ရှင်သော ဝိညာဉ်တော်ဖြစ်သည် - *Hymns,* #1142:

1. ဝိညာဉ်၌ လျှောက်လှမ်းသောသူသည် အမြဲပင် အလွန်အမင်း ဆတ်ဆတ်ထိမခံဖြစ်သောသူဖြစ်သည်။
2. ကျွန်ုပ်တို့၏ရည်မှန်းချက်သည် သီချင်းဆိုခြင်းအားဖြင့်ဖြစ်စေ၊ သက်သေခံချက်ဖြင့်ဖြစ်စေ၊ ချီးမွမ်းခြင်းဖြင့်ဖြစ်စေ အခြားမည်သည့်နည်းဖြင့်ဖြစ်စေ ဝိညာဉ်ကို မြှင့်တင်ခြင်း၊ ကြွယ်ဝခြင်း သို့မဟုတ် အရှိန်မြှင့်တင်ခြင်း ရှိရမည်ဖြစ်သည်။

H. ညီအစ်မများသည် ပါဝင်ဆင်နွှဲရန် ရဲရင့်ခြင်းရှိရမည်။ တစ်ဖက်တွင် ညီအစ်ကိုများသည် ရဲတင်းလွန်းလှသည်။ သူတို့သည် ညီအစ်မများအဖို့ အခွင့်အရေးပေးရမည်၊ ထိုသို့ဖြင့် သူတို့လည်း ဝင်ရောက်လာနိုင်မည်။ သို့သော်လည်း ညီအစ်မများသည် ဝိညာဉ်၌လည်းကောင်း၊ အသံ၌လည်းကောင်း ခွန်အားပေးခြင်းနှင့် ရဲရင့်စေခြင်း ရှိရမည်ဖြစ်သည်။

I. ကျွန်ုပ်တို့သည် ဇာတိနည်းလမ်း၌ နှုတ်ကို ဖွင့်ခြင်း အလေ့အထ ရှိလျှင် ကန့်သတ်ခြင်းခံရန် သင်ယူရမည်။ ကျွန်ုပ်တို့သည် ပုံမှန်အားဖြင့် တိတ်ဆိတ်နေသည့်သူများကို ဝင်ရောက်လာ၍ ချီးမွမ်းခြင်း၌ ပါဝင်လာရန် ပို၍ အခွင့်အရေးပေးရမည်၊ ကျွန်ုပ်တို့၏နှုတ်ကို ဖွင့်လေ့ဖွင့်ထမရှိသည့်သူဖြစ်လျှင် နှုတ်ဖွင့်ရန် သင်ယူရမည်။

J. အစည်းအဝေးများသို့ လာသည့်အချိန်တိုင်း ကျွန်ုပ်တို့သည် အစည်းအဝေးကို မည်သို့လုပ်ဆောင်ရမည်ကို မသိသော်လည်း၊ သခင်ဘုရားထံ အပြည့်အဝဖွင့်ပေးရမည်။ ကျွန်ုပ်တို့၏ဝိညာဉ်၌ ချက်ချင်းဖြစ်သော အာရုံခံစားမှုအတိုင်း သခင်ဘုရားကိုသာ ချီးမွမ်းရမည်။ တစ်ဦးသည် အစပြုပြီဆိုလျှင် တူညီသောဘောလုံးကို ကစားရန် ကျွန်ုပ်တို့အားလုံး ပူးပေါင်းလုပ်ဆောင်ရမည်။

K. စည်းဝေးခြင်း၏ အသစ်သောနည်းလမ်းမှာ ဝိညာဉ်တော်၌ရှိသည့်နည်းလမ်းဖြစ်သည်။ ဝိညာဉ်တော်အတိုင်း လျှောက်လှမ်းလျှင် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်နှင့် ဆန့်ကျင်လျက် ပြုမူခြင်းမရှိမည်မှာ အမှန်ပင်ဖြစ်သည်။ အရာခပ်သိမ်းသည် နှုတ်ကပတ်တော်နှင့် ကိုက်ညီမှုရှိလိမ့်မည်။ သို့သော် ဝိညာဉ်တော်သည် ဦးဆောင်ခြင်းရှိရမည်၊ ထိန်းချုပ်နေခြင်း ရှိရမည် - ရော၊၈း၄။ ဂလ၊၅း၁၆။

L. ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ဝိညာဉ်ကို မည်သို့လေ့ကျင့်ရန်၊ ဝိညာဉ်ကို လွတ်မြောက်စေရန်၊ ဝိညာဉ်ကို ခွန်အားသန်စွမ်းစေရန်၊ ဝိညာဉ်ကို ထင်ရှားပြသရန် သင်ယူရမည်ဖြစ်သည်။ ထိုအခါ သခင်ဘုရားသည် ထင်ရှားဖော်ပြခြင်း၊ ခမည်းတော်သည် ဘုန်းထင်ရှားခြင်း၊ သန့်ရှင်းသူများသည် မြှင့်တင်ခံရခြင်း၊ အသင်းတော်သည် ကျွန်ုပ်တို့နေထိုင်ရာ ဒေသန္တရ၌ လက်တွေ့ကျကျ တည်ဆောက်ခြင်းရှိမည်ဖြစ်သည်။ အထက်ဖော်ပြပါအားလုံးကို လက်တွေ့လုပ်ဆောင်ပါ၊ ထိုအခါ သင်သည် အစည်းအဝေးများအတွက် အဆင်သင့်ဖြစ်လိမ့်မည်ဖြစ်သည်။